www.burmeseclassic.com

ရွှေငွေထက် အဖိုးတန်သော

# ဘုရားသားတော်ကြီးများ၏
# ဩဝါဒအဆီအနှစ်



သုတေသီ

## ဘုန်းမြင့်သွေး

စုစည်းပူဇော်သည်

2007.GRAPHIC DESIGN : KYAW MINN MOUNG

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သုတေသီ

ဘုန်းမြင့်သွေး



# ရွှေငွေထက် အဖိုးတန်သော
## ဘုရားသားတော်ကြီးများ၏
## ဩဝါဒအဆုံးအမ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ◆ | ၃၂၀၇၁၄၁၀၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ◆ | ၃၂၀၆၆၀၁၁၀၇ |
| ပထမအကြိမ် | ◆ | ၂၀၀၇ - ခု၊ ဒီဇင်ဘာလ |
| အုပ်ရေ | ◆ | (၅၀၀)အုပ် |
| တန်ဖိုး | ◆ | ၃၅၀ ကျပ် |
| မျက်နှာဖုံးပန်းချီ | ◆ | ကျော်မင်းမောင် |
| အတွင်းဖလင် | ◆ | မျိုးညွန့်နှင့်အဖွဲ့ (A-7 Group)<br>(၃၄ -လမ်းအထက်) |
| ကွန်ပျူတာစာစီ | ◆ | မြစ်ခွဲ ၉ စင်း |
| ထုတ်ဝေသူ | ◆ | ဦးချစ်ညွန့် (၀၄၀၀၄)<br>ဇင်ရတနာစာပေ<br>၂၀၅၊ က/၄ လမ်း၊ မြို့သစ်၊<br>(က + ခ)ရပ်ကွက်၊ အင်းစိန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ◆ | ဦးကြည်စင် (၀၄၆၁၅)<br>လှဲလှဲမွန်ပုံနှိပ်တိုက်<br>၁၅၈၊ ၄၅ - လမ်း၊ ဗိုလ်တထောင်။ |
| ဖြန့်ချိရေး | ◆ | မိတ်ဆွေစာပေ<br>အမှတ် - ၅၂၇၊ ဘုရင့်နောင်လမ်းမ၊<br>ပေါက်တော၊ အင်းစိန်။ |




## တရားစစ်တရားမှန်ဆိုတာ

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ''ဓမ္မကထာ နာမသစ္စ ဝိနိမုတ္တော နတ္ထိ'' လို့ ဟောတော်မူထားတယ်။

တရားစစ်တရားမှန်ဆိုတာ သစ္စာနဲ့ လွတ်တယ်လို့ မရှိဘူးတဲ့။

တို့ဒကာတွေအတွက် ဒါဟာ ချိန်စရာ ချိန်ခွင်ပဲ။

(စာအုပ်) တွေ့ရင် ဒီချိန်ခွင်နဲ့ ချိန်ကြည့်၊ ဒီချိန်ခွင်နဲ့ကိုက်ညီရင် စာမှန်၊ ဒီချိန်ခွင်နဲ့ မကိုက်ညီရင်၊ စာမှားပဲဆိုတာ ဆုံးဖြတ်ချက်ချ၊ ဒီအချက်ကို ကြပ်ကြပ် သတိပြုကြ။

ကျေးရွာရှင်မိုးကုတ် ဆရာတော်ကြီး
သစ္စာ ၄-ပါး ဟောစဉ်ကျင့်စဉ် တရားတော်မှ -

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ယုံကြည်ကိုးကွယ်မှု စည်းကမ်း

လူတွေ ယုံကြည်ကိုးကွယ်မှု စည်းကမ်းမရှိတာ လုံးဝမမှန်မကန် ကိုးကွယ်နေကြတာ၊ သာသနာကို ဖန်းပြပြီး၊ အလိမ်ခံနေကြရတာတွေဟာ ဘယ်သူ့မှာ တာဝန်အရှိဆုံးလဲ ဆိုရင်တော့ ဦးဇင်းတို့ ဘုန်းတော်ကြီးတွေမှာ တာဝန်ရှိတာပေါ့။ မှားနေတာကို ပြုပြင်ပြီး အမှန်ဘက်က ရပ်တည်ရဲရမယ်၊ ခေါင်းမရှောင်သင့်ဘူး။

တချို့များဆို မြတ်စွာဘုရားရဲ့ အရိပ်မှာ ခိုပြီး၊ ဂိုဏ်းလိုလို၊ မှော်လိုလို၊ ထွက်ရပ်ပေါက်လိုလိုနဲ့၊ မသိနားမလည်သူတွေကို လိမ်ကြ၊ ညာကြ၊ ဖြီးကြ၊ ဖြန်းကြသတဲ့။

ဘုရားသားတော်ဖြစ်ပြီး ဘိုးတော်စကားကို နားထောင်တာ၊ ညာဝါးစားနေတာ၊ ယုံကြည်ကိုးကွယ်မှု စည်းကမ်းမရှိတာ၊ သူ့ကြောင့် ဒုက္ခ၊ ဒုက္ခမတွေ ဒုက္ခ ရောက်တာနဲ့၊ အမျိုးဘာသာ၊ သာသနာတော်ကို ထိခိုက်တာ၊ ရင်နာစရာကောင်းပါတယ်။

အရှင်အဂ္ဂဉာဏ၊ ချမ်းမြေ့

ကိုးကွယ်မှုနှင့် စည်းကမ်းမှ -

## ဆုံးမချင်သူ သဲလုံးအမှု

ဆုံးမချင်သူ .. သဲလုံးအမှု ရပါစေ ...
ဟု ရှင်ရာဟုလာ နှလုံးသွင်းခဲ့သည်။

သာမဏေငယ် ဆုံးမသော်လည်း နားထောင်မည်ဟု ရှင်သာရိပုတ္တရာ နှလုံးသွင်းသည်။ အပြစ်ပြ ဆုံးမသူကို ရွှေအိုးပေးသူဟု ဆည်းကပ်ရမည်။

ဖန်းပဲဆရာ အထူးမခံရသော သံတုံးလက်နက် အဖြစ်သို့ မရောက်၊ ကျောက်ဆစ်ဆရာ အဖြတ်မခံရသော ကျောက်တုံး အရုပ် အဖြစ်သို့ မရောက်။

ဆရာကောင်း အဆုံးအမ မခံသောတပည့် သူတော်ကောင်း မဖြစ်။

ပထမရွှေကျင် ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ ကံစေတနာနှင့် ပတ်သက်၍ ............ ၁
၂။ သတိတရားနှင့်စပ်ဆိုင်၍ ............ ၁၆
၃။ ခန္တီသဘော စိစစ်ကြောရေး ............ ၂၆
၄။ တဏှာရာဂ ထာဝရပယ်ဖို့ရန် ............ ၃၄
၅။ မြတ်သောအကျင့်နှင့်သက်ဆိုင်ရာ ............ ၄၃
၆။ လူ့အပြစ်ကင်းအောင်နေရန် ............ ၅၄
၇။ ဗာလနဲ့လူမိုက်အကြောင်းမှာကား ............ ၆၄
၈။ အချိန်အရေးပါခြင်းနှင့် ပတ်သက်၍ ............ ၇၀
၉။ တရား၊ တရား၊ တရား ............ ၇၆
၁၀။ ကိုးကွယ်ဆည်းကပ်မှု ............ ၈၄
၁၁။ ဟီရိ၊ ဩတ္တပ္ပ အရေးကြီးလှ ............ ၈၉
၁၂။ မေတ္တာစာတ်ခံ ကောင်းအောင်လုပ်ပါ ............ ၉၂
၁၃။ ဒုက္ခသစ္စာ တရားသဘောများ ............ ၁၀၀
၁၄။ အသိအလိမ္မာ ဉာဏ်ပညာ ............ ၁၀၄
၁၅။ လောဘ ဒေါသ မောဟ ပဟာပြရာ၌ ............ ၁၁၇
၁၆။ အကျင့်အကြံ မှန်ရန် ............ ၁၂၅
၁၇။ သတိကပ် အသိကပ် ဝိပဿနာ ၁၃၆




## ကံ စေတနာနှင့် ပတ်သက်၍

ကံတရားကို မယုံကြည်၍ မဖြစ်ပါ။ ကံ၏ သဘာဝသည် ယုံသူဖြစ်စေ၊ မယုံသူဖြစ်စေ၊ အကျိုးပေးထိုက်သော အချိန်ရောက်လာလျှင်၊ အကျိုးပေးခြင်း ခံကြရ၊ စံကြရမည်မှာ ဧကန်မလွဲဖြစ်တယ်။

လူအများက ဘယ်သူဟာ ကံကောင်းတယ်။ ဘယ်သူဟာ ကံဆိုးတယ်လို့ ပြောဆိုကြလေ့ ရှိကြတယ်။

ကံကောင်းခြင်း၊ ကံဆိုးခြင်းကို ဘယ်သူကမှ လာရောက်ဖန်တီးပေးခြင်း မဟုတ်ဘူး။ ကိုယ့်ကံကိုယ်သာလျှင် ဖန်တီးနေကြခြင်းဖြစ်တယ်။

(ဦးဥတ္တမသာရ)
တောင်တန်းသာသနာပြုဆရာတော်

* * *

www.burmeseclassic.com

www.burmeseclassic.com



✚ **လူမတော်** ကံချည်းဆိုပေမယ့်၊ ကံဟာ လိုရင်းပဲ၊ ဝီရိယတို့၊ **ဉာဏ်တို့လည်း** ပါပါရဲ့။ ကံဟာဉာဏ်၊ ဝီရိယတို့နဲ့ လုပ်ယူမှ **ရတာယ်။**

(သက်တော်ရှည်စံကင်းဆရာတော်ကြီး)

* * *

✤ ကံကိုချည်းလည်း မတိုးနှင့်။
ဉာဏ်ကိုချည်းလည်း မကိုးနှင့်။

(လုံးတော်ဆရာတော်ကြီး)

* * *

✤ အသက်ကြီးလေလေ၊ ကံမွဲ၊ ဉာဏ်မွဲလေမှတ်။
ကံမွဲတာ အရေးမကြီး၊ ဉာဏ်မွဲရင် နိဗ္ဗာန်မရောက်။

(မိုးကုတ်ဆရာတော်ဘုရားကြီး)

* * *





✤ အဘယ်ကြောင့် စေတနာ ခေါ်သနည်း။

ကိုယ်အင်္ဂါ၊ စိတ်အင်္ဂါတို့ကို အုံလုံးဆွကြွ တစ်ပြိုင်နက်တည်း ထကြွအောင် ချိုကြွလှုံ့ဆော်သမားကြီး ဖြစ်သောကြောင့် စေတနာ ခေါ်သည်။

အဘယ့်ကြောင့် (ကံ) ခေါ်သနည်း။

လောက၌ ထိုင်မှု၊ ထမှု၊ သွားလာမှု၊ ပြောဆိုမှု၊ ကြံမှု၊ ဖန်မှု၊ လုပ်မှုတန်းမှု၊ သတ်မှုဖြတ်မှု ဒႈ စရှိကုန်သော၊ အလုံးစုံသော အရေးကိစ္စတို့သည် သူမပြုက၊ ဘယ်ကိစ္စ တစ်ခုမျှ ပြီးစီးသည် မရှိကြကုန်။

သူပြုမှ ပြီးစီးနိုင်ကြကုန်၏။ သူထလျှင် ... စိတ်၏အင်္ဂါ ဖြစ်ကုန်သော ဝိဘတ်၊ ဝီရိယ၊ လောဘ၊ ဒေါသ၊ သဒ္ဓါ၊ ပညာ အစရှိကုန်သော ဓာတ်တို့သည် ကိုယ့်ကိစ္စနှင့်ကိုယ် ပြုကြကုန်၏။

ထို့ကြောင့် ခပ်သိမ်းသော ကိုယ်အမှု၊ နှုတ်အမှု၊ စိတ်အမှု တို့မှာ၊ သူသာလျှင် အမှုသည်ရင်းကြီး မှန်ပေ၏။ အမှုဆောင်ကြီး မှန်ပေ၏။

ထို့ကြောင့် ကမ္မ = ကံ ဟူ၍ ခေါ်သည်။

(လယ်တီဆရာတော်ဘုရားကြီး)

* * *



www.burmeseclassic.com

www.burmeseclassic.com



✤ လူမှုန်းမှာ မကြောက်နဲ့။
ကံမှုန်းမှာကိုသာ ကြောက်ကြ။

**(ပြည်မြို့၊ ဓာတိကာရုံဆရာတော်ကြီး)**

* * *

✤ ကံဆိုတာ၊ တစ်ခြား ရှာနေစရာ မလိုပါဘူး၊ ကိုယ်လုပ်နေတဲ့ လုပ်ငန်းတွေဟာ ကံပဲ။ ကိုယ်ကကောင်းတဲ့ လုပ်ငန်းတွေ လုပ်နေရင်၊ ကောင်းတဲ့ကံ ဖြစ်လာမှာပဲ။ ကိုယ်က မကောင်းတဲ့ လုပ်ငန်းတွေ လုပ်ရင်တော့၊ မကောင်းတဲ့ကံပဲ ဖြစ်လာမှာ သေချာတယ်။

**(မန္တလေး၊ မဟာမြိုင်ဆရာတော်)**

* * *

✤ စေတနာဆိုးတဲ့ အခါကျတော့၊ မကောင်းကျိုးတွေကို ဖြစ်စေပြီးတော့၊ ကောင်းကျိုးတွေကို ဖျက်ဆီးပစ်တယ်၊ ဟုတ်လား။ ဒါဖြင့်ရင် ကိုယ့်စေတနာ၊ ကိုယ့်ကံကို ကိုးကွယ်။ ကံသည်သာလျှင် အားကိုးရာဆိုတော့၊ ဘယ်ကံမျိုး အားကိုးရမလဲဆိုတာ သဘောကျပြီ မဟုတ်လား။





စေတနာကောင်းလို့ ဆိုရတဲ့ ကံကောင်းကို၊ ကိုးကွယ်ရမှာ၊ စေတနာဆိုးကို ကိုးကွယ်ဖို့ မဟုတ်ဘူးတဲ့။

ဟုတ်လား။ ဒါကြောင့် (အကုသလကမ္မံ) အကုသိုလ်စေတနာဆိုရတဲ့ ကံတရား၊ စေတနာဆိုးသည် (အနတ္တဇနနတော စေဝ) မကောင်းကျိုးမှန်သမျှကို ဖြစ်ပွားစေတတ်သည့်အဖြစ်ကြောင့် လည်းကောင်း၊ စေတနာဆိုးရဲ့ သတ္တိကို မှတ်မိအောင် မှတ်ပါ။

**(သဲကုန်း၊ အရှင်ဉာဏိသရ)**

* * *

✤ မနောကံ လုံခြုံဖို့နဲ့ သန့်ရှင်းဖို့ကတော့၊ ရုပ်နာမ်ဓမ္မတွေကို ယထာဘူတကျကျ၊ မြင်အောင် ကြည့်ရှု ပွားများပါလျှင်၊ မနောကံ သန့်ရှင်းသွားပါတယ်။

**(ဆရာတော် ဘဒ္ဒန္တ ညေယျဓမ္မ)**
**ပေါင်းတည်မြို့၊ နန်းဦးကျောင်းတိုက်**

* * *



www.burmeseclassic.com

www.burmeseclassic.com



✤ သင်္ခါရ၊ တဏှာ၊ ဥပါဒန်၊ ကံ ဒီလေးခုကို အဝိဇ္ဇာက အုပ်ချုပ်ထားတာမို့၊ ဒါတွေဟာ ကံကောင်း မဟုတ်ဘူး။ ကံဆိုးတွေပဲ။ သူ့ အဆက်အနွယ်က တစ်ခုမှ မကောင်းဘူး။ ဒီတော့ အဝိဇ္ဇာ အုပ်ချုပ်တဲ့ ကံဟာ၊ ကံဆိုးပဲလို့သာ မှတ်လိုက်ကြ။ ဒါကြောင့် ကုသိုလ်လုပ်တဲ့အခါ၊ လူ့ဘဝ နတ်ဘဝဆိုတဲ့ ဒုက္ခသစ္စာတွေ မထည့်ရင် အဝိဇ္ဇာချုပ်ပြီး ဝိဇ္ဇာဖြစ်မယ်။ သဘောပါကြရဲ့လား။ လူ့ဘဝ နတ်ဘဝ ဒုက္ခ သစ္စာတွေ ဘာမှမထည့်နဲ့၊ နိဗ္ဗာန် ဆုတောင်းကြ၊ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်လာတယ်။

**(မိုးကုတ်ဆရာတော်ကြီး)**

* * *

✤ ကမ္မဝါဒ၊ ကိုယ့်စေတနာ ကိုယ်ယုံတဲ့ ဝါဒသည်၊ ကမ္မဝါဒ။ ကရိယာဝါဒ၊ ကိုယ့်စေတနာ အားလျော်စွာ၊ အလုပ်လုပ်ရတာကို လက်ခံတဲ့ဝါဒသည် ကိရိယာဝါဒ။

ဒီဘက်ကမ်းကနေ၊ ဟိုဘက်ကမ်း ရောက်ပါစေလို့ ထိုင်ပြီး ဆုတောင်းနေ၊ ဘယ်တော့မှ မရောက်ဘူး။

ဟိုဘက်ကမ်းသည် ငါ့ခြေထောက်အောက် ရောက်လာပါစေ။ ငါ့ခြေထောက်အောက်က ဒီဘက်ကမ်းသည် ဟိုဘက်ကမ်းသို့ ရောက်ပါစေလို့ ဆုတောင်း။ ဘယ်တော့မှ ကမ်းနှစ်ခု ဆက်မသွားဘူး။



ငါ့ကို တန်ခိုးရှင်တစ်ယောက်က ဟိုဘက်ကမ်းသို့ ပို့ပါစေ။ ဘယ်တော့မှ မပို့ဘူး။ အဲဒီတော့ ဟိုဘက်ကမ်းရောက်အောင် လက်လှုပ်လှုပ်၊ ခြေလှုပ်လှုပ်နဲ့၊ လှေကြီးလှော်အောင် လုပ်တော့ လုပ်ရမှာပဲ။ အဲဒီလို အလုပ်လုပ်ရတဲ့ ဝါဒသည် ဝီရိယဝါဒ၊ ဟုတ်ပလား။ အဲဒါ ဗုဒ္ဓဝါဒပဲ။

**(သဲကုန်း၊ အရှင်ဉာဏိဿရ)**

* * *

✤ ဘဝစုစု၊ သံသာထုတွင်၊ အပြုအပြော၊ သဘောမဖြူ၊ ထိုသည့်သူကား၊ "ငါမူမကောင်း၊ မူအပေါင်းကို၊ ရင့်ငြောင်းကြာရှည်၊ ပြုမိသည်မှာ၊ မှားခဲ့စွာ" ဟု။

ကိုယ့်ဟာ၊ ကိုယ်ပြု၊ မြစ်သောင်ထုဏ်၊ ညစ်ကျူဖြစ်တုံ၊ အိုးမလုံက၊ အအုံပွင့်ရာ၊ ဆိုပမာသို့၊ မသာနလုံး၊ မရွှင်ပြုံးနိုင်၊ သောကလှိုင်လျက်၊ သည်းဆိုင်ကြွေမှု၊ ညှိုးခွေလျှ၍၊ စိတ်က မလန်း၊ ရုပ်ညှိုးနွမ်းလျက်၊ ပင်ပန်းရိုရှား၊ အောက်လမ်းသွားသည်၊ လေးပါးအပါယ် ဖြောင့်ဖြောင့်တည်း။

**(ချမ်းမြေ့ဆရာတော်ကြီး)**

* * *

www.burmeseclassic.com

www.burmeseclassic.com



✤ ဖြစ်ချင်တာဖြစ်တဲ့ လောကသံသရာမှာ၊ အပိုင်လိုပါလျှင်၊ အထုပ်,ထုပ်၊ သူတော်ကောင်းများအလုပ်၊ ကောင်းတာပြုမှ ကောင်းတာရ၊ ကောင်းမှကောင်းစားမည်။ ကောင်းဆိုးနှစ်တန် ကံစီမံ၊ ခံစံကြရမည်။

(ပြည်တိပိဋကဓရဆရာတော်)

* * *

✤ မကောင်းကျိုးတွေ အကုန်ဖြစ်၊ ကောင်းကျိုးတွေ အကုန် ပျက်စီးတာ ဘာကြောင့်လဲ။ စေတနာထဲမှာ ကိလေသာတွေ ဝင်သွားလို့။

(သဲကုန်း၊ အရှင်ဉာဏိဿရ)

* * *

✤ အတိတ်ကံသည်...

(အဝိစ္စကွ) အတိတ်ကံ

(ပစ္စက္ခ) အတိတ်ကံ

(သမိပ) အတိတ်ကံဟု (၃)ပါး ရှိသည်။



သံသရာ၏ အစမှသည် ယခုဘဝမတိုင်မီကာလတိုင်အောင် အပစ္စက္ခ အတိတ်ကံ မည်၏။ ၎င်းအတိတ်ကံကို လူသားတိုင်း ဖြစ်နိုင်ဖို့ရာ မလွယ်ကူ။ ယခုဘဝမှစ၍ ယမန်နေ့တိုင်အောင် အတိတ်သည် (ပစ္စက္ခ) အတိတ်မည်၏။ ပစ္စုပ္ပန်တည့်တည့် မရောက်မီ ယနေ့ ပြုလုပ်ပြီးသော အတိတ်သည် (သမိပ) အတိတ် မည်၏။

အတိတ်ဟူသည် ပစ္စုပ္ပန်၏ ရွေ့လျားခြင်းပင် ဖြစ်၏။ အတိတ်ကာလ၌ (ကံ)ကို ပြုလုပ်၍ မရ။

ပြုလုပ်ခဲ့ပြီးသော အတိတ်ကံများကို ချေမှုန်း၍လည်း ရသည်။ ခြယ်သ၍လည်း ရသည်။

အဇာတသတ်မင်းသည် ပစ္စက္ခအတိတ် (ပဥ္စနန္တရိယကံ) ကျူးလွန်ထားသော်လည်း၊ ရတနာ (၃)ပါးကို ဆည်းကပ်သော ကြောင့်၊ အဝီစိငရဲသို့ မကျဘဲ၊ လောဟကုမ္ဘီငရဲလောက်သာ ခံရ သည်။

(အရှင်ကုမာရ၊ မွေ့ာစရိယ၊ ဝိနယဝိဒူ)

* * *

www.burmeseclassic.com

www.burmeseclassic.com



✣ မျိုးစေ့မှန်၊ ပင်မသန်
ဖူးတံငုံကင်း၊ အသီးဖျင်း၏။
ကံ,ပါမှ ခံသာတယ်။
ကံ,မပါတော့ မခံသာဘူး။
ကံ,ပိန်တော့ ဉာဏ်မှိန်တယ်။

(ဦးအဂ္ဂဓမ္မ)
မဟာဆေး၀က်ဘာဆရာတော်

✽ ✽ ✽

✣ အချို့က စီးပွားရေး၊ ကြီးပွားရေးသည် ကံကောင်းမှ ကြီးပွားချမ်းသာတာပါ။ သူဌေးသူကြွယ် ဖြစ်နိုင်တာပါ စသည်ဖြင့် ပြောဆိုတတ်ကြပါသည်။

ထိုသူတို့သည်ကား အလုပ်ကောင်းမှ ကံကောင်းသည် ဆိုသော ရှေးဆရာတော်ကြီးများ၏ ဩ၀ါဒစကားကို သတိပြုမိဟန် မထင်ပေ။ မည်သည့်အလုပ်ကိုပင်ဖြစ်စေ၊ ဝီရိယ ဖွဲသန်နည်း အတန်တန်ဖြင့် လေ့ကျင့်လုပ်ကိုင်ပါသော် ဘယ်ကိစ္စမဆို မပြီးဘဲ မနေရပေ။ ပြီးမြောက်အောင်မြင်နိုင်မည်သာ ဖြစ်တော့၏။ ထို့ကြောင့် ဝီရိယ၀တော ကံနာမ နသိဖျတိ ဟု ဋီကာကျော်တွင် လာရှိပေသည်။





ဝီရိယ ပြင်းထန်ကာ၊ ခွဲသတ္တိရှိစွာဖြင့် လုပ်ကိုင်အားထုတ်ခဲ့သော် ထိုက်သည့်အားလျော်စွာ ကံကောင်းရပေတော့မည်။ ကျပ်ပြည့်တင်းပြည့် မကောင်းစေကာမူ ကောင်းသည်လောက်ကား ဝီရိယအကျိုးအတွက် အမှန်ပင် ကိုယ့်အတွက် ကျန်ပေလိမ့်ဦးမည်။ သို့ဖြစ်၍ အလုပ်ကောင်းက ကံကောင်းမည်ဟု ရှေးဆရာတော်ကြီးများ၏ ဆုံးမဩ၀ါဒစကားကို ကြားခဲ့ဖူးပေသည်။

(အရှင်ဝဇီဉာဏ၊ ကွမ်းခြံကုန်း)

✽ ✽ ✽

စေတနာကောင်းရဲ့ သတ္တိနှစ်ပါးက အနဝဇ္ဇဖျဥဖနတော မကောင်းကျိုးတွေကို ဖယ်ရှားလိမ့်မည်။

အနဝဇ္ဇဖနတော = ကောင်းကျိုးတွေကို ဖြစ်စေလိမ့်မယ်။ မကောင်းကျိုးတွေကို ဘယ်သူဖယ်ရှားသလဲ။ ကိုယ့်စေတနာကောင်းက ဖယ်ရှားတာ။ ကိုယ့်ရဲ့ ကောင်းကျိုးတွေကို ဘယ်သူက ဖြစ်စေသလဲ။ ကိုယ့်စေတနာကောင်းကပဲ ဖြစ်စေတယ်။

(သဲကုန်း၊ အရှင်ဉာဏိဿရ)

✽ ✽ ✽



www.burmeseclassic.com

www.burmeseclassic.com



✤ စေတနာ ဘယ်အခါကောင်းသလဲဆိုတော့ သဒ္ဒါဝင်တဲ့အခါ ကောင်းတယ်။ ဉာဏ်ဝင်တဲ့အခါကောင်းတယ်။ ဝီရိယဝင်တဲ့အခါ ကောင်းတယ်။ ဒီလို မဟုတ်လား။

သဒ္ဒါတွေ၊ ဉာဏ်တွေ၊ ဝီရိယတွေနဲ့ ပူးပေါင်းတဲ့စေတနာ သည် ကောင်းတယ်။ လောဘ၊ ဒေါသ၊ မောဟနဲ့ ပူးပေါင်းတဲ့ စေတနာသည် မကောင်းဘူး။ ဆိုးတယ်။ စေတနာကောင်းနဲ့ စေတနာဆိုးက ဒီလိုဖြစ်တာ။

(သဲကုန်း၊ အရှင်ဉာဏိဿရ)

* * *

✤ လူတစ်ယောက်ဟာ ကိုယ့်အရည်အချင်း ကိုယ်သိမှ ကောင်းတယ်။ အရည်အချင်းညံ့ရင် အကျင့်ဘက်က တော်အောင်၊ ကောင်းအောင် လုပ်ပေးရမယ်။

သံသရာခရီးသွားမှန်း သိရင်လည်း ကိုယ့်ကိုယ်ကို ကောင်း အောင် ပြုပြင်ရပါမယ်။ လူလူချင်းပါလို့၊ နပ်လို့ ရပေမယ့်၊ ကံ, ကံချင်းကျတော့ မရပါဘူး။

(အရှင်ဇနကာဘိဝံသ၊ မဟာဂန္ဓာရုံ)

* * *





✤ ကုစား၍ မရသော ပုဂ္ဂိုလ်များမှာမူ (သကကာမမွှနပညာ ယိဿတိ) ဆိုသည့်အတိုင်း သူ့ကံနှင့်သူ စီစဉ်သွားကြပြီ ဖြစ်သလို ကျန်ရှိသော အလစ္စီပုဂ္ဂိုလ်များ သူ့ကံနှင့်သူပင် စီစဉ်သွားမှာ မုချ ဖြစ်ပါတယ်။

(ဆရာတော်ဘဒ္ဒန္တဓေတြ)
လယ်ဝေးမြို့၊ မှန်တောကျောင်း

* * *

✤ ကာလကို လူမစားလျှင် လူကို ကာလစားသည်။ သူတစ်ပါး လှေကို ဖာနိုင်လျက် မိမိလှေကို မဖာနိုင်လျှင် နစ်တတ်သည်။ ရွှေခေါင်းငှက် အကကောင်းသော်လည်း စအိုပေါ်၍ အဆိုအမြည် ခံရသည်။

(ပထမ ရွှေကျင်ဆရာတော်ဘုရားကြီး)

* * *

✤ ကံဆိုတာ ဘုန်းကြီးတို့ ဂရိသတ်ပြောရတာ ရိုးသွားမယ်ပြီ။ ကံဆိုတာ ဘာကိုခေါ်သလဲ။ စေတနာကောင်းလို့ ကံလို့ ခေါ် ပါတယ်။ ဟုတ်လား။ ခုနက လှေပေါ်တက်တဲ့ လူလှေကြီး



www.burmeseclassic.com

www.burmeseclassic.com



ဒီအခိုင် ရေလယ်ကောင် မမြုပ်တတ်ဘူးလား။ မြုပ်တတ်တယ်။ အဲဒါကြောင့် စေတနာဆိုးကိုတော့ ကိုးကွယ်ဖို့ မဟုတ်ဘူးတဲ့။ စေတနာကောင်းကို ကိုးကွယ်ရမှာ၊ စေတနာဆိုးကို ကိုးကွယ်လိုက်လို့ရှိရင် လှေကွဲကြီး တက်စီးလိုက်သလို ရေလယ်ကောင်မြုပ်တာ၊ ဒီလို မဟုတ်လား။ ဒါကြောင့် ကုသလကမ္မ၊ ကုသိုလ်စေတနာဆိုသော ကံတရားသည် အနုဗ္ဗာဗျူဥဇနတောဓေဝ မကောင်းကျိုးမှန်သမျှကို ဖျက်ဆီးတတ်သည် ဖြစ်ခြင်းကြောင့်လည်းကောင်း၊ အနုဗ္ဗာဇနေ နတောဓေဝ ကောင်းကျိုးမှန်သမျှကို ဖြစ်စေတတ်သည့် အဖြစ်ကြောင့်လည်းကောင်း။

(သဲကုန်း၊ အရှင်ဉာဏိသာရ)

* * *

✤ ကံဆိုတာ အလုပ်
အလုပ်လုပ်မှ ကံကောင်းသည်။

(စံကျောင်းဆရာတော်ဘုရားကြီး)

* * *





✤ လောက၌ မကောင်းသောသူ၊ မကောင်းသောအကျင့်ကို လေ့လာနားလည်နေသူသည် သူတစ်ပါးအား မကောင်းသော အချက်ကို ညွှန်ကြားမည် ဖြစ်၏။

ကောင်းသောသူ၊ ကောင်းသောအကျင့်များ၌ လေ့လာလျက်ရှိသူသာ၊ ကောင်းသောအချက်ကို ညွှန်ကြားပေးလိမ့်မည်။

(သခြေပြကန်ဆရာတော်ကြီး)



www.burmeseclassic.com

www.burmeseclassic.com

# သတိတရားနှင့် စပ်ဆိုင်၍

* သတိဆိုတာ အာရုံများနှင့် ဆက်ဆံတယ်။ သမာဓိဆိုတာ အာရုံတစ်မျိုးတည်းနဲ့ပဲ ဆက်ဆံတယ်။ သတိကို အရှိန်ရလာအောင် လုပ်ပါ။ သမာဓိက သူ့အလိုလို ဖြစ်သွားမယ်။ ကိုယ်က အတင်း လုပ်စရာ မလိုဘူးနော်။ သတိကိုသာ အရှိန်ရလာအောင် လုပ်ရမယ်။

(မြောင်းမြမြို့၊ ဟောမဝန်ဆရာတော်ဘုရားကြီး)

* * *

* သတိသည် သာပိုလွန်သည် မရှိ။ လိုသည်သာ ဖြစ်၏။ အလွန်ပြုနိုင်ရန် ခက်ခဲသောအရာလည်း ဖြစ်၏။ အမြဲတမ်း သတိရှိနေမှုမှာ ပို၍ မလွယ်ကူသောအလုပ်လည်း ဖြစ်၏။ သတိရှိနေမှုလည်း၊ မိမိလိုရာ အမှုကိစ္စကို ချောမောအောင် ပြုလုပ်ဆောင်ရွက်နိုင်မည် ဖြစ်သည်။





လမိုက်သော ညကာလ၌၊ ညီညွတ်ပြေပြစ်မှု မရှိသော ချောက်ကမ်းပါး၊ မြစ်နား၊ ချောင်းနား၊ ကျင်းရှိသော အရပ်ဒေသသို့ သွားသော ယောက်ျားသည် သတိတရား လက်ကိုင်ထား၍ တောင်ဝှေးဖြင့်စမ်းလျက် ဖြည်းဖြည်းညင်းညင်းသွားလျှင် မိမိလိုရာအရပ်သို့ ချောမောစွာ ရောက်ရာ၏။

(ဆရာတော်ကြီး မဇ္ဈိမသာရ၊ ဝန်းသို)

* * *

* သတိဟာ အချိန်အလေအလွင့် မရှိရအောင် အချိန်တိုင်း အဖိုးတန်အောင် ထိန်းပေးတဲ့ အချိန်ထိန်းကိရိယာပါ။ အချိန်ထိန်းကိရိယာဆိုတာ အချိန်မသွားအောင် ထိန်းတာကို ပြောတာ မဟုတ်ဘူး။ အချိန်တိုင်း၊ အချိန်တိုင်း သုံးဖြစ်အောင် စိတ်ကို သတိနဲ့ ဖမ်းပေးတာကိုပဲ။ အချိန်ထိန်းကိရိယာ တပ်ဆင်တယ်လို့ ပြောရတာပါ။ တကယ်တော့ ဘယ်တန်ခိုးရှင်၊ ပညာရှင်ကမှ အချိန်ကို မသွားဘဲ ရပ်နေအောင်တားပြီး မထားနိုင်ပါဘူး။

အာရုံနဲ့ သတိကပ်ပြီး အလုပ်ရဲ့ အစ၊ အလယ်၊ အဆုံး အကုန်လုံး ထင်ရှားအောင် ဖော်ထားပြီး လုပ်နေရင် အချိန်အလေအလွင့် အဖိတ်အစင် မရှိတော့ဘူး။ ဘယ်တော့မှ အမှတ်တမဲ့ မလုပ်ဘဲ အမြဲတမ်း အမှတ်နဲ့ချည်း လုပ်နေရင် အဖိုးတန်အချိန်တွေချည်း ဖြစ်သွားတယ်။

(အရှင်သီရိဓမ္မာဘိဝံသ၊ ယော)



www.burmeseclassic.com

www.burmeseclassic.com



* အမှုမဲ့ အမှတ်မဲ့ ဆိုတာက၊
အမှုမဲ့လို့ အမှတ်မဲ့တာပဲ။

(အရှင် ဇေယျသိဒ္ဓိ မဟူညထိက)
ရွှေပေါက်ကျွန်းဆရာတော်ကြီး

* * *

* သတိအာရက္ခော၊ ကရဏီယော။
သတိအစောင့်အရှောက် မြဲရမည်။
သတိတမံ ဉာဏ်မြေ ကတုတ်၊ ပညာစွန်း ချွန်းနှင့်အုပ်။
ပြောပြုတွေးလျှင်၊ သတိယှဉ်၊ ဆင်ခြင်ဉာဏ်ဖြင့်ချုပ်။
ကာလဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆထောက်ချင့်၊ သင့်မသင့်ကို၊ ဉာဏ်ဖြင့်ဝေဖန်၊ စိတ်ထားမှန်လျက်၊ သည်းခံစိတ်ရှည်၊ တိုင်းကျိုးရည်၍၊ ပွားစည်မေတ္တာ၊ သင့်သူမှာ ချမ်းသာတိုးပွားသည်။

(ချမ်းမြေ့ဆရာတော်ကြီး)

* * *





* သတိရသည်မှာ ကောင်းသောအာရုံကို မလွှတ်ရအောင် ဆွဲထားသကဲ့သို့ ကောင်းသောအာရုံ၌ စွဲမြဲခြင်းသဘော။ မိခင်ဖခင်တို့သည် ချစ်လှစွာသောသားကို မလျော်သောအရပ်သို့ မသွားရအောင်၊ မလျော်သောသူနှင့် မပေါင်းဖက်ရအောင်၊ စောင့်ရှောက်သကဲ့သို့ စိတ်ကို မကောင်းသောအာရုံကို မသွားရအောင် စောင့်ရှောက်သောသဘော။ ကုသိုလ်ရေး၊ ကောင်းမှုရေး မမေ့မလျော့သော သဘော။

(ဒီပဲရင်းဆရာတော်ဘုရားကြီး)

* * *

* ရန်သူကို ရင်ဆိုင်ရန် အရေးကြုံလာရာအခါ၌ လက်နက်ကို မစွဲမကိုင်မိသကဲ့သို့ နှလုံးသွင်းမှု မပြုနိုင်တော့ဘဲ သတိလက်နက်ကို မစွဲမကိုင်မိ။ ကိုင်မိပါသည် ဆိုလျှင်လည်း ကိုင်မိသော သတိလက်နက်မှာ ရန်သူကို နိုင်ခြေမရှိဘဲ အားပျော့သည်ဟူ၍သာ ဆိုစရာ ရှိပေသည်။ အနာဂါမ်အရိယာအထိ မရောက်သေး၍ ဒါသကီလေသာကို မပယ်နိုင်သေးသူဟူသမျှ သောဏာပရိဒေဝ သဘောတို့နှင့် မကင်းနိုင်သေး။ ထို့ကြောင့် စိုးရိမ်ဖွယ်နှင့် တွေ့ကြုံသည့်အခါ စိုးရိမ်ကြပေမည်၊ ငိုကြွေးဖွယ်နှင့် တွေ့သောအခါ ငိုကြွေးပေမည်သာ ဖြစ်၏။

(ဝက်လက်မစိုးရိမ် ဦးတိသာဆရာတော်)



www.burmeseclassic.com

www.burmeseclassic.com



✱ သတိဆိုတာ စိတ်ကို သိတ်ကလေးနဲ့ သိပေးတဲ့ သဘောပါ။ သတိဆိုတဲ့ စိတ်သိတ် ကြိုးပြတ်သွားတာနဲ့ တစ်ပြိုင်နက် စိတ်ဟာ ဖရိုဖရဲ ပြန့်ကျဲသွားတယ်။

စိတ်ကို သတိကြိုးနဲ့ သိပေးလိုက်တော့ ကိလေသာတွေ လာလုလို့ မရဘူး။ သတိက ဆုပ်ကိုင်ထားလိုက်ရင် စိတ်ဟာ ဘယ်လိုမှ လွတ်ထွက်မသွားတော့ဘူး။ နေ့စဉ် လုပ်နေတဲ့ စားဝတ်နေရေး အလုပ်အားလုံးဟာ သတိသိတ် ကြိုးနဲ့ တပ်ဆင်သိကုံးပေးလိုက်တော့ ဒုက္ခအနုတ်လက္ခဏာပြတဲ့ တရားအလုပ်တွေချည်း ဖြစ်တယ်။

**(အရှင်သိရိန္ဒာဘိဝံသ၊ ယော)**

✱ ✱ ✱

✱ ဆရာမရှိ၊ ဆရာမထားခြင်းကြောင့်၊ အဘယ်အကျိုးအပြစ်ရှိပါသနည်းဟူမူ သတိပေးသူ ဆရာမရှိ၊ လူငယ်တို့၏ သတိပေးခြင်းကိုလည်း လူကြီးမာန်တက်၍ လက်မခံဘဲ၊ မိမိ ပြုလုပ်ရာကို၊ တုံးတိုက်တိုက်, ကမ်းတိုက်တိုက်၊ ပြုလုပ်မိခြင်းကြောင့် အကျိုးမရှိများယွင်းသဖြင့် အကျိုးယုတ်တတ်ပါသည်။

**(ဆရာတော် ဘဒ္ဒန္တပဏ္ဍိတသိရီ)**
**စစ်ကိုင်းတောင်ရိုး၊ ရွှေဟင်္သာတိုက်သစ်**

✱ ✱ ✱





✱ သတိတရားနှင့်ပတ်သက်ပြီး ပြောရရင်၊ သတိတစ်လုံးလက်ကိုင်သုံး၊ ပြုံးပြုံးလွှန်ချမ်းသာဆိုသော စကားအတိုင်း နေရာတကာမှာ သတိဟာ တမ်ပဲ။

**(ဆရာတော်ဘဒ္ဒန္တ သုဓောစ)**
**ကော့ကရိတ်မြို့၊ ကျုံဒိုး၊ မွေ့သုခကျောင်း**

✱ ✱ ✱

✱ သတိနဲ့နေကြ၊ ပေါ့ပေါ့ဆဆ မနေကြနဲ့။ ပေါ့ပေါ့ဆဆနေရင်၊ ဘဝသံသရာမှာလည်း ပေါ့ပေါ့ဆဆ အကျိုးပေးတတ်တယ်။ ကိုယ့်အလုပ်ကို ကိုယ်လုပ်နေကြ။

**(အရှင်ဇနကာဘိဝံသ)**
**အမရပူရ၊ မဟာဂန္ဓာရုံဆရာတော်ကြီး**

✱ ✱ ✱

✱ ဘုရားနှင့် တွေ့ပေမယ့်၊ အလကားဟော့ မင်းတို့မှာ၊ အကျွတ်နှင့် ဝေးရော့ထင်၊ လွှတ်သေးပေါင် ဒီသံသရာ၌၊ ကမ္မဋ္ဌာ သတိကင်းတာကြောင့်၊ အရာရာသိ မလင်းတယ်ကွယ်၊ ဖျင်းတဲ့လူများ။

**(အောင်တော်မူ ဦးဥတ္တမ)**

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com



* သတိမြဲမြဲ၊ ပစ္စုပ္ပန်၊ မှတ်ရန် အလုပ်ချိန်၊
သတိ၊ သတိ၊ အစဉ်ရှိ၊ မိမိ အကျိုးရ။

(ယောဆရာတော်ကြီး)

* * *

* သတိကင်းကွာ၊ မေ့လျော့ပေါ့ဆစွာ နေခဲ့ကြပါလျှင်၊ မိမိတို့ ကိုယ်ခန္ဓာတစ်ခုတည်းသာ၊ ဘဝပေါင်းများစွာ သေကြေပျက်စီး ရသည်မဟုတ်ဘဲ၊ မိမိတို့ မှီခိုအားထားရာ ကိုးကွယ်ရာဖြစ်သော တန်ဖိုးမဖြတ်နိုင်တဲ့ သာသနာတော် သုံးရပ်တို့ကိုလည်း၊ တဖြည်း ဖြည်းနှင့် မေးမှိန်ပျက်စီး အချည်းနှီးအဖြစ်သို့ ရောက်ရမည် မလွဲ ပေ။

(ဆရာတော်ဘဒ္ဒန္တ ခေမိန္ဒ)
ချောင်းဆုံမြို့၊ ကော့ဒိုက်ရွာ၊ အပေါ်ကျောင်း

* * *





* ဗုဒ္ဓဘာသာဝင်တို့သည် သာသနာတော် အရှည်တည်တံ့ ကြောင်းဖြစ်သည့်၊ သတိပဋ္ဌာန် ဝိပဿနာတရားကို အချိန်ရသမျှ ပွားများအားထုတ်နေကြရမည်။

(သဒ္ဓမ္မရံသီရိပ်သာဆရာတော်ကြီး)

* * *

* သတိပဋ္ဌာန်တရားတော်သည်၊ သတ္တဝါတွေ ကိလေသာ အညစ်အကြေး ကင်းစေရန်၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ချုပ်ငြိမ်းရန်၊ အရိယာမဂ်ကိုရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တစ်ကြောင်း တည်းသောလမ်း ဖြစ်ပေ၏။

(တောင်ပုလု ကမ္ဘာအေး ဆရာတော်ဘုရားကြီး)
အမေရိကန်သာသနာပြု

* * *

* စိတ်မပုတ်အောင်၊ သတိဆောင်၊ သိုလှောင်သိမ်း၍သုံး။
သတိနှင့်သာ၊ သိုလှောင်ပါ၊ ဘယ်ခါစိတ်မပျောက်။
မိမိစိတ်ထဲ သတိစွဲ၊ အမြဲအရောင်တောက်။

(ယောဆရာတော်ကြီး)

* * *



www.burmeseclassic.com

www.burmeseclassic.com



*  ငယ်စဉ်က ကျေးရူးရှင်ဆရာတော်တို့က သတိပေးဆုံးမတော်မူဖူးသည်ကို မကြာမကြာ ပြန်လည်ကြားယောင်မိနေသော ဩဝါဒတစ်ပါးမှာ (သတိပြုကြဟေ့ . . . ကြီးလျှင် ဆရာမရှိဘူးကွဲ့''ဟု သတိပေးတော်မူကြပါသည်။

**(ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာသိရိ)**
**စစ်ကိုင်းတောင်ရိုး၊ ရွှေဟင်္သာတိုက်သစ်**

* * *

*  သတိဆိုတာ စိတ်ကို ကိုင်တွယ်ပေးတဲ့ ကိရိယာပါ။ သတိနဲ့ အကိုင်အတွယ် မတတ်ရင် စိတ်ဟာ ခဏခဏ ကျကွဲတယ်။ စိတ်အစဉ်ပေါက်ကွဲတယ်။ စိတ်စွမ်းရည် ကျဆင်းတယ်။ စိတ်အပူ အခိုးအငွေ့ ကိလေသာတွေ ချယ်လှယ်သလို ခံနေရတယ်။ စိတ်ပျက်တယ်။ စိတ်ညစ်တယ်။ စိတ်ရှုပ်တယ်။ စိတ်ပူတယ်ဆိုတာ စိတ်ဓာတ်ကျကွဲတာပါ။ စိတ်ကျကွဲတယ်ဆိုတာ အကုသိုလ်ဖြစ်တာပဲ။ အဲဒီနေရာမှာ (သတိ)က ဝင်ထိန်းပေးရမယ်။

သတိထားပါလို့ ပြောတဲ့စကားကလည်း စိတ်ကို ကျမကွဲအောင် သတိနဲ့ ကိုင်ထားပါလို့ ပြောတာပါ။ (သတိဟာ သာသနာက တောင်းတဲ့ အရေးကြီးဆုံး တရားပါ)။ သတိဟာ လိုတယ်သာ ရှိတယ်။ ပိုတယ်လို့ မရှိဘူး။ ဘယ်လောက်ပဲ ပညာ





တတ်၊ ပညာရှိ သတိဖြစ်ခဲဆိုတဲ့အတိုင်း သတိလက်လွှတ်နေတဲ့ အခါ စိတ်စွမ်းရည်ဟာ တိုးတက်မလာပါဘူး။ သတိရှိမှ ဘဝခရီးကို ဖြောင့်အောင် သွားတတ်မယ်။ ငြိမ်းချမ်းအောင် နေတတ်မယ်။ စိတ်အပူ အခိုးအငွေ့ ကိလေသာနှင့် သံသရာခလုတ်ကို ရှောင်တတ်မယ်။

**(အရှင်သီရိန္ဒာဘိဝံသ၊ ယော)**

* * *

*  သတိထားတော့ တရားမြင်တယ်။ အသိများတော့ အမှားစင်တယ်။ အဲဒါကြောင့် သတိ၊ အသိလိုကြတယ်။

**(အောင်တော်မူ ဦးဣန္ဒက)**

* * *

*  သတိရှေ့သွား၊ ပြုသူကား၊ ကြီးပွားတိုးတက်ရာ။
သတိကင်းမဲ့၊ ပြုတုံခဲ့၊ ကဲ့ရဲ့ဖွယ်ရာသာ။

**(ရွှေဟင်္သာတောရ ဆရာတော်ကြီး)**

* * *

www.burmeseclassic.com

www.burmeseclassic.com

## [illegible]သော စိစစ်ကြောရေး

* ခန္တီတရားဟာ ကျင့်စရှိမှလည်း ကျင့်ချင်ပါတယ်။ ကျင့်ကြည့်တော့လည်း ကျင့်ကျိုးရပါတယ်။ ကျင့်ကျိုးရမှလည်း ပိုပြီး ကျင့်ချင်လာပါတယ်။

(မြွေဒူတ၊ အရှင်ပညာဓဇ)

* * *

* ကိုယ်က သူတစ်ပါးကို သည်းခံရတယ်ဆိုတာမျိုးသာ ရှိစေရတယ်။ သူတစ်ပါးက ကိုယ့်ကို သည်းခံရတယ်ဆိုတာမျိုး မရှိစေရဘူး။

(ပဏ္ဍိတာရာမ၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်)



* အရာရာ၌ သည်းခံလေ့မရှိသော ပုဂ္ဂိုလ်သည် အများသူငါ မုန်းစရာဖြစ်၏။ တဝူးဝူး ဟောင်တတ်သော အရုပ်ခွေးတို့သည် တုတ်ကိုင်၍ ပြေးလာသူကို မြင်လျှင် ငိုင်းအုံ၍ ဟောင်ချင်သကဲ့သို့ နဝိုကာသ မခွေရ အားကြီး၍ နေကြသော လူ့ဘာလတို့ နေရာဝယ် ခန္တီ မေတ္တာမပါ၊ ထိုးထိုးဒေါသကြီးသူကို အဘယ်မှာ၍ ရန်မပြုဘဲ ရှိပါတော့အံ့နည်း။ ကေန်မုချ ရန်လုပ်ကြမည်သာ။

သည်းခံလေ့မရှိသော ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်ကလည်း သူတစ်ပါးအပေါ် မတော်မတရား ပြောမှားဆိုမှားတို့ကြောင့် အပြစ်လည်းများပါသည်။ တွေတွေဝေဝေ သေပြီးလျှင် အပါယ်သို့လည်း ရောက်ရတတ်ပါသည်။ ဤသို့ ဒေါသအပြစ်များကို အစွယ်ကျိုးသောမြွေ၊ ဦးချိုကျိုးသောနွား၊ ခြေသုတ်ဖုံလားကဲ့သို့ ဒေါသ၊ မာနမာနကို ပယ်ရှားဖို့ရာ ခန္တီ မေတ္တာ၏အကျိုးကို ပြသော သြဝါဒဒေသနာကို မိန့်မှာတော်မူပါသည်။

(ရွှေကျင်ဆရာတော်ဘုရားကြီး)

* * *

* ဆင်းရဲကြီးကို ကြောက်လျှင် ဆင်းရဲကလေးကို သည်းခံ၊ ချမ်းသာကြီးကို အလိုရှိလျှင် ချမ်းသာကလေးကိုပယ်။

(မဟာဂန္ဓာရုံဆရာတော်)

www.burmeseclassic.com

www.burmeseclassic.com



✱ အမျက်ထွက်တာလည်း နီးစပ်တဲ့ ပုဂ္ဂိုလ်အချင်းချင်း ဖြစ်တတ်ကြတာပဲ။ အကျိုးကျေးဇူးဖြစ်အောင် ကူညီဆောင်ရွက်ကြတာလည်း နီးစပ်သူ အချင်းချင်းပဲ။

ဒါကြောင့် အပြောအဆိုစသည့် အဆင်မပြေတာကို တွေ့ရရင် မိမိအား ကျေးဇူးပြုဖူးတာကို ဆင်ခြင်ပြီး စိတ်မဆိုးဘဲ သည်းခံနေသင့်ပါတယ်။ တတ်နိုင်ရင်တော့ နားမချမ်းသာတဲ့ စကားသံကို ရှုမှတ်ပြီး သည်းခံနေရင် ပိုကောင်းတာပဲ။

(မဟာစည်ဆရာတော်ကြီး)

✱ ✱ ✱

✱ ပါရမီ (၁၀) ပါး အပြား (၃၀) ထဲမှာ အခဲယဉ်းဆုံး ပါရမီဟာ ခန္တီပါရမီပါ။ အခဲယဉ်းဆုံး ခန္တီပါရမီပြည့်ပါမှ ကျန်ခဲ့တဲ့ ပါရမီတွေ ပြည့်မှာပါ။

ဒါကြောင့် ပါရမီ (၁၀) ပါး အပြား (၃၀) ဘယ်ကနေ စကျင့်ရမလဲ မေးရင် ခန္တီက စကျင့်ရမယ်လို့ ဖြေရပါမယ်။ ဟုတ်ပါတယ်။ ခန္တီပါရမီ မပြည့်ရင် ကျန်တဲ့ပါရမီတွေ မပြည့်နိုင်ပါ။

(ဓမ္မဒူတ၊ အရှင်ပညာဇောတ)

✱ ✱ ✱



✱ မိမိတို့ခန္ဓာကိုယ်ကြီးက တစ်နေ့ မြေကြီးသြဇာ မြေဩဇာ ကျွေးရမယ့် ခန္ဓာကိုယ်ကြီးပါ။ ဘာ အဆီအနှစ်မှ မရှိပါ။ အပုပ်ကောင်တွေ ပြည့်နေတဲ့ ခန္ဓာကိုယ်ကြီးပါ။ အဲဒီ ခန္ဓာကိုယ်ကြီးထဲကို ခန္တီတရားတည်းဟူသော အဆီအနှစ်ကို နေ့စဉ်နေ့ဟိုင်း ထည့်ပေးပါ။

(ဓမ္မဒူတ၊ အရှင်ပညာဇောတ)

✱ ✱ ✱

✱ တိုင်းမ, ပြည်လုံး၊ အာဏာကြုံး၍၊ ယူကျုံးဖျက်ဆီး၊ မြေကြီးလည်းတင်း၊ မြုပ်သွင်းကျဉ်းကျပ်၊ မတ်ကတ်ရပ်လျက်၊ မြကြပ်လှောင်ထား၊ ရန်သူအားလည်း၊ မျက်ပွားမရှု၊ မိတ်ဘက်ပြုရှင့်။

ပြုမှုမရှိ၊ ဣသိခန္တီ၊ မြတ်ဝါဒီနှင့်၊ ပီပီသက်သက်၊ မိရင်ထက်နိုက်၊ ပက်လက်မှောက်ခုံ၊ အိပ်တာတ်ရုံလျက်၊ ဇောမိခက်သို့၊ သန့်လျက်ပိုင်းဖြတ်၊ တဖြတ်ဖြတ်နှင့်၊ ခြေဖြတ်လက်တုံး၊ သက်သေဆုံးအောင်၊ ကိုယ်လုံးကြေမွ၊ ပြုသမျှကို၊ ဒေါသမဖိ၊ မေတ္တာစိတ်ဖြင့်၊ မှိတ်၍အောင့်ခံ။

ဆိပ်လှုံစည်းသွား၊ ဆင်ပစ်မြားဖြင့်၊ သည်းကြားဖောက်ထွင်း၊ ပစ်တုံလျှင်း၍၊ ဝေသခြင်းရောက်လျက်၊ မမျက်မခြောင်း၊ ဥက္ကောင်း

www.burmeseclassic.com



ကွဲစေ၊ ကျောက်ဖြင့်တော၍ မသေတတ်ရုံ၊ ကျန်ပါတုံလည်း၊ တစ်စုံတစ်ခု၊ မျက်မပြုဘူး၊ ထိုသူ့အကျိုး၊ ဆောင်သယ်ပိုး၏။

(မန်လည်ဆရာတော်ဆရာကြီး)

✿ ✿ ✿

✱ မိမိကသာ၊ အရာရာဝယ်၊ အသာမစံ၊ အနာခံခြင်း ဟူသော၊ တောင်တောင်အီအီ၊ မကြံစည်ဘဲ၊ ခန္တီတရား၊ ကိုယ်မှာထားခြင်း သည်၊ အကျင့်တရား၊ များအပြားထက်၊ အားထားလွှန်တင့်၊ အသာဆုံးအကျင့်လို့ ဗုဒ္ဓဟောခဲ့ပါတယ်။

(ဓမ္မဒူတ၊ အရှင်ပညာဓောတ)

✱ ✱ ✱

✱ ခန္တီ မေတ္တာ
ဤနှစ်ဖြာ
လူမှာ အလှဆုံး

(အရှင်သိရိန္ဒာဘိဝံသ၊ ယော)

✱ ✱ ✱



✱ ခန္တီသည်...
အမြတ်ဆုံး လက်နက်ကောင်း။

(မဟာဆေးဝကံဘာဆရာတော်ကြီး)

✱ ✱ ✱

✱ နည်းမှန်လျှင် သည်းခံ။ အရှုံးပေး, နှလုံးအေး။

(မဟာဆေးဝကံဘာဆရာတော်ကြီး)

✱ ✱ ✱

✱ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာချင်ပါတယ်၊ ပစ္စည်းတွေဖြင့်၊ ချမ်းသာချင်ပါတယ်ဆိုရင် အစစအရာရာ နေရာတကာ အောက်ခြေသိမ်း အားလုံးသည်းခံပါ။ သည်းခံခြင်းဟာ အရှုံးမဟုတ်ပါ။ အမြတ်ဆုံး မင်္ဂလာပါ။ လောကသဘောနဲ့ ကြည့်ရင်တော့ အောက်ကျနိုင်သလိုလိုပဲ။ အမှန်တကယ်ကတော့ အောက်ကျ, နောက်ကျ မဟုတ်ပါ။

(ဓမ္မဒူတ၊ အရှင်ပညာဓောတ)

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com



၁။ မသိမလိမ္မာတဲ့ ပုဂ္ဂိုလ်များ နှောင့်ယှက်လာရင် သည်းခံခွင့်လွှတ်တတ်ရမယ်။

၂။ သူများရဲ့ ပိုင်နက်အခွင့်အရေးကို ဘယ်တော့မှ မကျူးကျော်၊ မနှောင့်ယှက် မစော်ကားရဘူး။

၃။ မိမိရသင့်ရထိုက်တဲ့ အခွင့်အရေးကို သူများအတွက် ရက်ရက်ရောရော ခွဲဝေပေးနိုင်ရမယ်။ သူများကြီးပွားရေးအတွက် စေတနာ မေတ္တာနဲ့ အကူအညီ ပေးနိုင်ရမယ်။

၄။ သူများတွေ ကြီးပွားတိုးတက် ပြည့်စုံနေတာကို မြင်ရကြားရလို့ရှိရင် ကိုယ်ကြီးပွားတိုးတက်သလိုပဲ လှိုက်လှိုက်လှဲလှဲ ဝမ်းသာ တတ်ရမယ်။ ဒါဟာ သူတော်ကောင်း လမ်းစဉ်ပဲ။

(ဝိသုဒ္ဓါရုံ၊ အရှင်သီရိန္ဒာဘိဝံသ၊ ယော)

* * *

* လူရိုင်း, လူမိုက်တွေက ရိုင်းသည့်အလျောက်, မိုက်သည့်အလျောက် အကြမ်းအရမ်း ဆဲဆိုကြိမ်းမောင်း အော်ငေါက်ခြင်းပြုတဲ့အခါမှာ ''သြော်...မကောင်းတဲ့လူမို့ မကောင်းတာပြောတာပဲလို့''နှလုံးသွင်းပြီး သည်းခံပါ။ ဆဲဆိုခံရလို့ ကိုယ်လည်း ဘယ်နေရာမှာမှ ပေါက်ပြဲမသွားပါ။

(ဓမ္မဒူတ၊ အရှင်ပညာဓောတ)

* * *





* ခန္တီ၊ ခန္တီပါရမီ အဆီကိုယ်မှာ ထည့်ရမည်။
* လောကုတ်လောကီ ကျိုးနှစ်လီ၊ ခန္တီပါမှ ကြီးပွားမည်။
* ခန္တီတစ်လုံး၊ ကိုယ်မှာသုံး၊ လူ့မုန်းမခံရလေပြီ။
* ချမ်းသာသုခ လိုလေက၊ စစ,သည်းခံရပေမည်။
* ဆဲဆို ကြမ်းတမ်း၊ နှုတ်သရမ်း၊ ပက်ဖျန်းသီတာရေခန္တီ။
* မျက်နှာပွင့်လို, သားကင်းလို၊ ခန္တီကိုယ်မှာဆောင်ရမည်။
* မာန်မာနတက်၊ ဒေါသတက်၊ ခန္တီလက်နှင့် ဖယ်ရမည်။
* ခန္တီတရား လက်ကိုင်ထား၊ တရားရှာရမည်။
* ခန္တီချုပ်ဝတ်၊ မြဲမချွတ်၊ ရန်စာတ်အောင်ရမည်။
* ဆယ်ပါးသုံးလီ၊ ပါရမီ၊ ခန္တီ ခဲယဉ်းလှပေသည်။
* ကုသိုလ်တရား၊ ကြောက်ရင်းကား၊ တရားသည် ခန္တီ။
* မဂ်ဖိုလ် နိဗ္ဗာန်ရောက်လိုမှန် သည်းခံနိုင်မှ ရောက်ပေမည်။
* ခန္တီမြဲလျှင်၊ နိဗ္ဗာန်ခွင်၊ အလျင်အမြန် ရောက်နိုင်သည်။
* ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဝေယျာဝစ္စကုသိုလ် အစရှိတဲ့ ကုသိုလ်တရားတွေရဲ့ အကြောင်းရင်း မူလဘူတ တရားဟာ ခန္တီတရားပါ။ ခန္တီတရား လက်ကိုင်ထားပြီးတော့ လှူရပါတယ်။ ခန္တီတရား လက်ကိုင်ထားပြီးတော့ ဥပုသ်စောင့်ရပါတယ်။ ဥပုသ်စောင့်တဲ့အခါ အဆူးသဖြင့် ဆာတဲ့ဒဏ်ကို သည်းမခံနိုင်က မရပါ။ ဒါကြောင့် ကုသိုလ်တရား အားလုံးရဲ့ အကြောင်းရင်းဟာ ခန္တီပါ။

(ဓမ္မဒူတ၊ အရှင်ပညာဓောတ)

* * *



www.burmeseclassic.com

www.burmeseclassic.com



## တဏှာရောဂ ဓာဝရပယ်ဖို့ရန်

○ တဏှာရာဂ၊ လောဘနှင့်ဒေါသ (၂)မျိုးလုံးပင် စိတ်အစဉ်မှာ အနာရောဂါနှင့် တူ၏။ ဗုဒ္ဓမြတ်စွာသည် တဏှာရာဂ၊ လောဘရောဂါ ကုစားဖို့ရာ အသုဘ ဘာဝနာဆေးကို ပေးတော်မူ၏။ ဒေါသရောဂါ ကုစားဖို့ရာ မေတ္တာကရုဏာဆေးကို ပေးတော်မူ၏။

ထို့ကြောင့် တဏှာလောဘ ရောဂါပျောက်ဖို့ရာ လှသူတွေကို သူတို့၏ ခန္ဓာကိုယ်အတွင်းရောက်အောင် ဉာဏ်ဖြင့် ထွင်းဖောက်၍ (ခေမာမိဖုရား ရှုသလို) အသုဘ ရှုပါလော့။

စိတ်ဆိုးစရာ၊ မုန်းစရာမရှိအောင် သတ္တဝါတိုင်းကို "ကျန်းမာပါစေ၊ ချမ်းသာပါစေ"ဟု မေတ္တာစက္ခုဖြင့် ကြည့်ရှုပါလော့။

ထိုသို့ ရှုနိုင်လျှင် လောဘ၊ ဒေါသဓာတ်ခံပျောက်၍ နောက်ဘဝ၌ လောဘနည်းသူ၊ ဒေါသနည်းသူ ဖြစ်နိုင်ပါသည်။

(အရှင်ဇနကာဘိဝံသ)

အမရပူရ၊ မဟာဂန္ဓာရုံဆရာတော်

❀ ❀ ❀





**စိယတော စိယံတာသ**၊ လူအိုကြီး၏ ကေသာဆံပင်တို့သည်၊ **စိယန္တိ**၊ ဖြူဖြူဖွေးဖွေးနှင့် အိုသွေးပြကြကုန်၏။
**စိယတော စိယံတာသ**၊ လူအိုကြီး၏ ဒန္တာ ၃၂-ချောင်းသောသွားတို့သည်။ **စိယန္တိ**၊ ယိမ်းယိုင်ရွတ်ခွေ နံ့ကြ နဲ့ကြလေကုန်၏။
**စိယတော စိယံတာသ**၊ လူအိုကြီး၏၊ **စက္ခုသောတာစ**၊ မျက်စိနှင့်နားတို့သည်လည်း။ **စိယန္တိ**၊ သဲသဲကွဲကွဲနှင့် မကြား၊ မမဲနှင့်သွားသလို မှုန်ဝါးသွား ဖြစ်ကြလေကုန်၏။
**ဓေဝံတဗ္ဗာပိ**၊ သို့ကလို ရွတ်တယွင်းယို၊ တအိုတည်းအိုကြပါသော်လည်း။ **ကောတဏှာ**၊ တစ်ခုတည်းသော အရာ၊ သာယာတတ်တဲ့ တဏှာဆိုသောတရားသည်။ **တရုဏာယတော**၊ ဘယ်အခါမှမအို၊ ပျိုသည်ထက်ပျို၊ စိုသည်ထက် စိုရွှမ်း၍ အမြဲတမ်း လန်းဆန်း၍ နေတတ်လေသည်တကား။

(ဘန္တတ္ထသာဘ)

အထက်မင်းလှ၊ မွေ့ကတောရဆရာတော်ကြီး

❀ ❀ ❀

○ ဝိတတဏှာဆိုတဲ့အတိုင်း တဏှာကင်းအောင်နေတဲ့ တဏှာဆိုတာ ဆာလောင်တာကို ဆိုတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒို့ဗမာပြန်လို့ရှိရင် ဆာလောင်မှုဆိုတဲ့ အဲဒီ ဆာလောင်မှုဟာ အစာ၊ ဆာလောင်မှုလည်း တဏှာပဲ။ အရာရာအာရုံတွေကို ခံစားလိုမှု၊ အာရုံ၌ တွယ်တာငြိကွယ်မှု၊ မလွတ်နိုင်မှု၊ အင်မတန် ပရိယာယ်ပေါတယ်။ ဒီတဏှာရဲ့ ပရိယာယ်တွေဟာ လောဘတဲ့။ လိုချင်မှု ဝိသတ္တိတဲ့။ မျောက်နဲ့စေးကဲ့သို့ ကပ်တတ်တဲ့ တဏှာတဲ့။ ခွာမရတဲ့ အဲဒီ တဏှာကင်းအောင် ကျင့်ပါတဲ့။ တဏှာ ကင်းအောင် ကျင့်တယ်ဆိုတာ အင်မတန် ကျဉ်းတာပေါ့။

(အရှင်နန္ဒိယမဟာထေရ်)

မနုဿာမြို့၊ မဟာဝိသုတာရာမတိုက်အုပ်ဆရာတော်

❀ ❀ ❀

○ ထမင်းပေါကျော်ကြားမှု၊ လာဘ်လာဘပေါများမှု၊ ပူဇော်ချီးမွမ်းမှုများကို မက်မောနေသူ၊ အကုသိုလ်တရားဆိုးများကို ကျင့်ကြံအားထုတ်နေသူ ဖြစ်ခဲ့ပါလျှင် ဝတ်ကြောင်တို့ စည်းစိမ်ဥစ္စာကိုလည်း မခံစားရ။

ရဟန်းတို့၏ အမြတ်ဆုံး ဥစ္စာရတနာဖြစ်သည့် မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကိုလည်း မခံစားရဘဲ နှစ်ဖက်ရှုံးသူမျိုးဖြစ်ပေလိမ့်မည်။

(အရှင်ထေရဝံသ၊ ပုသိမ်)

❀ ❀ ❀





□ ရာဂပူလောင်
တဏှာမှောင်
ရှောင်ခွာနိုင်မှ အေးလိမ့်မည်။

(ဦးအဂ္ဂဓမ္မ)

မဟာဆေးဝက်ဘာ

❀ ❀ ❀

□ တဏှာရာဂသည် လွယ်လွယ်နှင့် မပြယ်နိုင်ပေ။ ချစ်ထုံးပြေလွယ်ခဲ့သည်။ မီးအိမ်မီးခွက်မှ မှိုင်းသီး မင်စွန်းပေခဲ့လျှင် ကြာရှည်စွာ စွန်းထင်းစွဲငြိသကဲ့သို့ တဏှာရာဂသည် အာရုံတစ်ခုခုအပေါ် စွဲလမ်းမိလျှင် သုံးဘဝ လေးဘဝတိုင်အောင်ပင် ချစ်ခင်နှလမ်းမှု မပြယ်ဖြစ်တတ်လေသည်။

(နတ်မောက်၊ အရှင်သုစိတ္တ)

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



□ တဏှာကြောင့် ရုပ်နာမ်ဖြစ်၏။

တဏှာသည် ရုပ်-နာမ် အသစ်ကို ဖြစ်စေ၏။

အကြင်ပုဂ္ဂိုလ်သည် သီလ၊ သမာဓိ၊ ပညာကို အားထုတ်ခြင်းကြောင့် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာသည် ချမ်းသာသော တရားမဟုတ်ဟူ၍ သိနိုင်၏။

ချမ်းသာသောတရား မဟုတ်သော ဆင်းရဲတရားကို အမှန်အတိုင်း မြင်၍ တဏှာကို ပယ်တတ်နိုင်သော အကြင်ပုဂ္ဂိုလ်သည် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ ပြတ်စဲပေလိမ့်မည်။

ထိုပုဂ္ဂိုလ်သည် စစ်မှန်သော ချမ်းသာခြင်းကို မလွဲစင်စစ် ရရှိပေမည်။

**(အရှင်နေမိန္ဒမွေဗိန္ဒာ)**
**နေမိန္ဒရ၊ မွေအေးရိပ်စခန်း**

✿ ✿ ✿

□ လူ့လောက၌၊ ကာမသဏ္ဍာဝါ၊ ကာမရဇ္ဇလာ၊ ကာမသဓော၊ ကာမဓောဖြင့်၊ ဆောတလျှင်သာ၊ သေရှင်မသိ၊ ဖွတ်တိဖွတ်တိုး၊ ထင်တိုင်းတိုး၏။

**(မန်လည်ဆရာတော်ဘုရားကြီး)**

✿ ✿ ✿





□ သဒ္ဓါလွန်သော် တဏှာ၊ ပညာလွန်သော် မာန၊ ဝီရိယလွန်သော် ဥဒ္ဓစ္စ၊ ချမ်းသာလွန်သော် ရာဂ၊ အသုံးလွန်သော် သေါကာ၊ အဝတ်လွန်သော် ဣဿာ၊ အစားလွန်သော် ဘယ၊ အအိပ်လွန်သော် မောဟ၊ အဝလွန်သော် ထိန။

**(အရှင်ပညာသီရိ၊ မြန်မာစာ)**

✿ ✿ ✿

□ လောကအကြောင်းအားဖြင့် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသူကို လူချမ်းသာဟု ဆိုပါသည်။ မှန်ပါသည်။ ဤပုဂ္ဂိုလ်သာ ရေးအတိတ်ကံကောင်းခဲ့၍ မျက်မှောက်ဘဝမှာ ချမ်းသာပါသော်လည်း အကောင်းဖြစ်သော လူချမ်းသာဘဝကို ကောင်းမွန်အောင် ဆက်မထိန်းသိမ်းပါလျှင် အပါယ်လေးဘုံသို့ ကျရောက်သွားတတ်ပါသည်။

ယုံကြည်မှု သဒ္ဓါ၊ စွန့်ကြဲမှု စာဂ၊ အကြားအမြင် သုတ၊ အသိလိမ္မာ ဉာဏ်ပညာ၊ ဒုစရိုက်လွန်ကျူးရမှာရှက်မှု ဟိရီ၊ ဒုစရိုက်လွန်ကျူးရမှာကြောက်မှု ဩတ္တပ္ပ၊ ဤသူတော်ကောင်းဥစ္စာ ရတနာ (၇)ပါးနှင့် ပြည့်စုံသောသူသာ ဘုရားရှင်အလိုကျ လူချမ်းသာ ဆိုသင့်ပါသည်။

ဤပုဂ္ဂိုလ်မျိုး ဘုရားရှင်သားတော်စစ် လူချမ်းသာ၊ ဘုရားရှင်သမီးတော်စစ် လူချမ်းသာသည်သာ မိမိကိုယ်ကို မိမိထိန်းသိမ်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်၍ (အတ္တသမ္မာပဏိဓိ) မိမိကိုယ်ကို မိမိကောင်းမွန်ရာမှာ ထားနိုင်လျှင် မျက်မှောက်ဘဝမှာလည်း တင့်တယ်ကောင်းမွန် တိုးတက်နိုင်ပါသည်။ သံသရာတစ်ခွင်မှာလည်း လူစဉ်မှီသော ဘဝကို ရနိုင်ပါသည်။

(ပခုက္ကူအရှင်ကောသလ)

❀ ❀ ❀

▢ ရမ္မက်လောဘ၊ မောဟမြေးယှဉ်၊ ပုထုဇဉ်တို့၊ ရှောင်ကြဉ်ခဲစွာ၊ ကိလေသာကြောင့်၊ တစ်ခါတစ်ရံ၊ အကြံမရှိ၊ မှားယွင်းမိလည်း၊ သတိမပြု၊ မကောင်းမှု၌၊ အဏုမြူညာဏ်၊ ဆံတစ်ချက်မျှ၊ လေ့ကျက်မဲ့လျှင်း၊ မေ့စေမင်း။

(ရှင်မဟာရဋ္ဌသာရ)

အနုသာသနဆုံးမစာ

❀ ❀ ❀

▢ အခိုးမထွက်သော ရာဂမီး၊ အငြိမ်းရခက်သည်။
မပေးသော နိဗ္ဗာန်ခရီး၊ အသွားရခက်သည်။

(ဦးကောသလ္လ)

ယခင် ချစ်စရာစာဆောင်ပိုင်ရှင်

❀ ❀ ❀

▢ ကာမဂုဏ်ဆိုလျှင် အတွေ့ဖောဋ္ဌဗ္ဗာအာရုံကိုသာ ကာမဂုဏ်ဟု မှတ်ထင်နေကြ၏။

အမှန်စင်စစ် ကာမဂုဏ်ဟူသည် အဆင်းမျိုးစုံ၊ အသံမျိုးစုံ၊ အနံ့မျိုးစုံ၊ အရသာမျိုးစုံ၊ အတွေ့မျိုးစုံ ဆိုသည့် အာရုံငါးပါးကို "ကာမဂုဏ်" ဟု ဆို၏။

(အရှင်ဝါသေဋ္ဌာဘိဝံသ)

သပြေကန်ဆရာတော်ကြီး

❀ ❀ ❀

▢ ကာမဂုဏ်ဆိုတာ သရုပ်မှီးတော့ ငရုပ်သီးနှင့် တူလှတယ်။ အဆင်းသာလှ အတွင်းက စပ်ပူနိုင်ပါရ။

(အောင်တော်မူ၊ ဦးဣန္ဒက)

❀ ❀ ❀





www.burmeseclassic.com

www.burmeseclassic.com

□ ကာမနယ်အတွင်းမှာ တည်နေတဲ့ ပုဂ္ဂိုလ်မှန်သမျှ ကာမတရားဆိုတာ အခြားမဟုတ်ပါဘူး။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတွေပဲကွယ့်။ ဒါကြောင့် ကာမဂုဏ်အားပေးလို့ အဆိုအက၊ အတီးအမှုတ် မလှူသင့်ဘူးဆိုလျှင် ကျန်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိမှန်သမျှ မလှူကောင်းဘူးလို့ အဓိပ္ပာယ်သက်ရောက်သွားတယ်။ ဒါကြောင့် အဆင်း၊ အသံ၊ အနံ့၊ အရသာနှင့် ပြည့်စုံတဲ့ ဆွမ်းခဲဖွယ် ဘောဇဉ်ကို လှူကောင်းသလို အတွေ့အထိကောင်းတဲ့ ကျောင်း၊ သင်္ကန်း၊ အိပ်ရာနေရာ၊ လှူကောင်းသလို အဆင်းအသံနှင့် ပြည့်စုံတဲ့ အက၊ အဆို၊ အတီးကိုလည်း လှူကောင်းပါတယ်။

လှူကောင်းလို့ ရှေးက လှူခဲ့ကြဖူးတဲ့ ဝတ္ထုတွေ ပြောရဦးမယ်ဆိုလျှင် ဘုရားအလောင်းတော် အတုလနဂါးမင်းဖြစ်စဉ်က နဂါးတို့ရဲ့ အတီးအမှုတ် အကအခုန်များဖြင့် သံဃာတော်နှင့်တကွ သုမနဘုရားရှင်ကို ပူဇော်ခဲ့ကြောင်း (နာဂါနံ၊ ဒိဗ္ဗတူရိယေဟိ၊ သသယံဇိနမုပဋ္ဌဟိ)လို့ ဗုဒ္ဓဝံသ အဋ္ဌကထာ (၁၈၉)မှ ပြထားတယ်။ အပါဒါန် ပါဠိတော် (၁၈)မှာ ဇကသ်ခိယထေရ်အလောင်းတော်ဟာ ဝိပဿီဘုရားရှင်ရဲ့ မဟာဗောဓိပူဇော်ပွဲမှာ တစ်နေ့ပတ်လုံး ခရသင်းမှုတ်ပြီး ပူဇော်ခဲ့တဲ့ ကောင်းမှုကြောင့် နတ်ပြည်မှာ ဖြစ်ရတဲ့အခါ နတ်တူရိယာ ခြောက်သောင်းဖြင့် ဖြေဖျော်ခြင်း ခံရတယ်။

(ထီးချိုင့်မြို့၊ တည်တောသရာတော်)





## မြတ်သောအကျင့်နှင့် သက်ဆိုင်ရာ

* ကောင်းတဲ့ အရင်းအမြစ်တွေဟာ ဘာတွေလဲ။ လိုချင်တပ်မက်မှု၊ တစ်ကိုယ်ကောင်းဆန်မှု ကင်းခြင်းဟာ ကောင်းတဲ့ အရင်းအမြစ် ဖြစ်ပါတယ်။

အမုန်းမထား ရန်ငြိုးမပွားဘဲ မေတ္တာထားခြင်းသည် ကောင်းတဲ့ အရင်းအမြစ် ဖြစ်ပါတယ်။

အသိဉာဏ်မကင်းမဲ့ဘဲ ဉာဏ်ပညာရှိခြင်းဟာ ကောင်းသောအရင်းအမြစ် ဖြစ်ပါတယ်။

ဒီ အရင်းအမြစ် (၃)ခုကို စိတ်ထားမြင့်မြတ်ရေး မျိုးစေ့များလို့လည်း ခေါ်ကြပါတယ်။ ဘာကြောင့်လည်းဆိုတော့ မိမိတို့ကိုယ်စီအတွင်းမှာရှိတဲ့ ဒီမျိုးစေ့တွေကို ဂရုတစိုက်နဲ့ ပြုစုပျိုးထောင် (ကျင့်ကြံ)ကြမယ်ဆိုရင် မြင့်မားတဲ့ အစွမ်းသတ္တိ တန်ခိုးတွေပေါက်ပွားလာမှာမို့ ဖြစ်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဒီအစွမ်းသတ္တိတွေဟာ မိမိတို့အတွင်းမှာ ဖုံးကွယ်နေကြတာ ဖြစ်ပါတယ်။ ဒါကို မိမိတို့ ကိုယ်တိုင် ဖော်ထုတ်ပျိုးထောင်ကြရမှာပဲ ဖြစ်တယ်။ ဖွံ့ဖြိုးကြီးထွားလာအောင် ဆိုရင် မိမိတို့ရဲ့ သိမ်မွေ့နူးညံ့တဲ့ နှလုံးသား (စိတ်)နဲ့ နွေးထွေးတဲ့ ချစ်ခြင်း (မေတ္တာ)နဲ့ ပြုစုယုယကြရပါလိမ့်မယ်။

**(အဘိဓမ္မမဟာရဋ္ဌဂုရု၊ အရှင်သေဋ္ဌိလာဘိဝံသ)**

**ပြန်ဆိုပူဇော်သူ - သစ္စာရှင်**

✤ ✤ ✤

✱ (သန္တ)ခေါ်တဲ့ သူတော်ကောင်းဖြစ်ချင်တဲ့သူသည် (၃)မျိုး ငြိမ်သက်ရမည်။

ကိုယ်ငြိမ်သက်ရမည်။
နှုတ်ငြိမ်သက်ရမည်။
စိတ်ငြိမ်သက်ရမည်။

**(ဓမ္မဒူတ၊ အရှင်ပညာဇောတ)**

✤ ✤ ✤





✱ လှည်းဘီးပြင်က၊ နွားစောင့်ချသို့၊ မိဘနှင့်သား၊ မယားနှင့်လင်၊ အိမ်ရှင်အိမ်ဖော်၊ ထေရ်ကျော်ဒါယကာ၊ မိတ်သဟာနှင့်၊ ဆရာတပည့်၊ တည့်တည့်မချွတ်၊ ကျင့်ဝတ်စုံလင်၊ ဖြူသန့်စင်မှု၊ ရှင်လည်းမကွေ၊ သေလည်း မကွာ၊ နတ်ရွာလူပြည်၊ လှည့်လည်အတူ၊ စံစားမူ၍၊ နိဗ္ဗူရွှေပြည်၊ ဝင်အံ့သည်တည့်၊ မတည်ကျင့်ဝတ်၊ ချွတ်သူတို့မှာ၊ မလွတ်သာသည်၊ လေးရွာဖို့လုံးလုံး၊ လူဖြစ်ရှုံး။

**(သင်္ဂဟဆရာတော်ကြီး)**

✤ ✤ ✤

✱ မရှိတာထက် မသိတာခက်။
သိပါလျက် မကျင့်တာခက်။
သင်မှသိ၊ သိမှကျင့်၊ ကျင့်မှရ၊
မြတ်ဗုဒ္ဓ၏ ဩဝါဒ။

**(ပြည်မြို့၊ ဇောတိကာရုံဆရာတော်ကြီး)**

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



✱ ကိုယ့်ကိုယ်ကိုကျောင်း
ကိုယ်ကောင်းအောင်နေ
ကိုယ့်ကိုယ်စစ်၊ အပြစ်ရှာလေ
ကိုယ့်ကိုယ်သနား၊ တရားရှာဖွေ။

(ဦးကောသလ္လ)
ယခင် ချစ်စရာစာစောင်ပိုင်ရှင်

✣ ✣ ✣

✱ လောကမှာ တစ်အိမ်တည်း အိပ်နေကြမယ်။ မကောင်းတဲ့ အကြံတွေ တစ်ကြံတည်း ကြံနေမယ်။ မကောင်းတဲ့အလုပ်တွေ၊ မဆိုင်တဲ့အလုပ်တွေ လုပ်နေသဖြင့် အဲဒီပုဂ္ဂိုလ်ဟာ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်မှုကို ဘယ်မှာလုပ်နိုင်တော့မတုန်း။ ဘယ်မှာ သံသရာဝဋ်မှ ထွက်မြောက်နိုင်တော့မတုန်း။

(ကျေးဈေးရှင်သဂ်ီစာဆရာတော်ဘုရားကြီး)

✣ ✣ ✣





ပုဂ္ဂိုလ်များဟာ မိမိတို့ ကိုယ်ကာယကြီးကိုသာ ဆပ်ပြာမွှေး အမျိုးမျိုးနှင့် ချေးညှော်စင်အောင် တိုက်ချွတ်ဆေးကြော အမျိုးမျိုး ပြုပြင်လေ့ရှိကြတယ်။

သို့သော် မိမိတို့ စိတ်ကိုတော့ သန့်ရှင်းစင်ကြယ် ဖြူလာအောင် မပြုလုပ်ကြ၊ အားမထုတ်ကြဘူး။

မိမိတို့စိတ်ကို ဝိပဿနာတရားနှင့် ဆေးကြောသုတ်သင်မှ သာလျှင် လောဘအညစ်၊ ဒေါသအညစ်၊ မောဟအညစ်၊ မာနအညစ် တက်နေတဲ့ စိတ်ကလေးဟာ ဖြူစင်သန့်ရှင်း ကြည်လင်လာမယ်။

(သဲအင်းဂူဆရာတော်ကြီး၊ အရှင်ဥက္ကဋ္ဌ)

✣ ✣ ✣

✱ ကောင်းကောင်းနေ၊
စိတ်မဆိုးနဲ့....။

(သဂ်ီစာဆရာတော်ဘုရားကြီး)

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



ငါကား ဘယ်နေ့ကစ၍ ဘယ်သူ့နည်းကို အတုလိုက်ကာ ဘယ်ကဲ့သို့ ငါတော်ကောင်း ဖြစ်မည်နည်း။ အဖြေကား ယနေ့ ငါထ၍ လုပ်လျှင် ယနေ့ပင် ငါတော်ကောင်းဖြစ်လိမ့်မည်သာတည်း။

ထို့ကြောင့် အသင် သူတော်ကောင်းဖြစ်အောင် ကြိုးစားပါလော့။

(အရှင်ဦးဥတ္တမသာရ)
တောင်တန်းသာသနာပြုဆရာတော်

✤ ✤ ✤

၁။ နေ့စဉ်ကောင်းမှု ကုသိုလ်များ၌ မမေ့မလျော့ စဉ်းစားပါ။
၂။ လူဖြစ်လာလျှင်၊ လူ၏တန်ဖိုးကို သိအောင်ကြိုးစားပါ။
၃။ မည်သူ့တရားပျက်ပျက် သင်မပျက်ပါစေနဲ့။

(သတိထားပါ)

၄။ သင့်ကို အကြောင်းပြုပြီး သူတစ်ပါးစိတ်မဆင်းရဲပါစေနဲ့။
၅။ မိဘကို စားနိုင်တုန်းအချိန်ကြွေးပါ။ သေမှ မငိုပါနဲ့။
၆။ သူတစ်ပါးအပြစ်ကို မပြောပါနဲ့၊ ကိုယ့်အပြစ်ကိုသာ ရှုပါ။
၇။ ပြဿနာစိုးရိမ်တရား အမြဲပွား၍၊ ကိုယ်တွင်းသီလတရား မြဲပါစေ။
၈။ အလိုက်သိပါ၊ အားနာပါ၊ အရှက်အကြောက်ရှိပါ။





၉။ ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားပါ။
၁၀။ မရူးစမ်း မဆင်ခြင်ဘဲ မပြောပါနဲ့၊ မလုပ်ပါနဲ့။

(အမြဲသတိထားပါ)

၁၁။ နေရာတိုင်းမှာ စိတ်သဘောကြီးကြီးထားပါ။
၁၂။ နိုင်လိုသူကို အရှုံးပေးက စိတ်နှလုံးအေးမြသည်။
၁၃။ စကားပြောသောအခါ၌ မှုမှုတတ ပြောဆိုပါ။
၁၄။ မိမိကိုယ်ကို နေ့စဉ် စစ်ဆေး ပြီးမှ ကြီးပွားနိုင်သည်။
၁၅။ မကောင်းတဲ့ အကုသိုလ်စိတ်ရိုင်းစိတ်မိုက်များကို ပယ်ရှားပါ။
၁၆။ သူတစ်ပါး ကြီးပွားချမ်းသာတာကို မနာလို မရှုစိမ့် မရှိပါစေနှင့်။
၁၇။ နေရာတိုင်းမှာ ကိုယ်ချင်းစာတရား များများထားပါ။
၁၈။ မိမိကိုယ်ကို ဆုံးမခြင်းက သာ၍ကောင်းသည်။
၁၉။ မာနကိုနှိမ့်ချ၊ လူ၏ တန်ဖိုးကို မြှင့်တင်ပါ။

(တာဝန်ကျေပါစေ)

၂၀။ အရာရာမှာ စေတနာသန့်သန့်နှင့် စိတ်ကောင်းတစ်ခုထားပါ။

(မင်းကွန်းတိပိဋကဆရာတော်ကြီး)

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



* လူဖြစ်လျက် ဘုန်းကြီးလိုကျင့်ရင်
စီးပွားပျက်တတ်သည်။
ဘုန်းကြီးဖြစ်လျက် လူလိုကျင့်ရင်
သီလပျက်တတ်သည်။

**(ပြည်မြို့၊ ဓာတိကာရုံဆရာတော်ကြီး)**

✤ ✤ ✤

* ဦး…မခိုနဲ့၊ မကပ်နဲ့၊
စောစောထ၊ ပြီးအောင်လုပ်၊ စိတ်ကောင်းမွေး။

**(ဆရာတော်ကြီး ဘဒ္ဒန္တစာရိတ္တာဘိဝံသ)**
**နဲ့ကြီးရွာလယ်ကျောင်းတိုက်**

✤ ✤ ✤

၁။ အကုသိုလ်ဖြစ်သော အချိန်ကာလ မရှိစေရ။

၂။ စာပေကျမ်းဂန် တတ်သိရုံဖြင့် တင်းတိမ်ရောင့်ရဲ မနေရ။ တရားသိအောင် ကျင့်ကြံအားထုတ်ရမည်။

၃။ သံသရာ၌ အသက်ရှည်ရန် မလိုအပ်။ သံသရာသက်တိုရန်သာ လိုအပ်သည်။



၄။ မေ့၍နေလျှင် အဖန်တလဲလဲ သေရလိမ့်မည်။ မမေ့သော သတိရှိလျှင်၊ နောက်ထပ် မသေရတော့ပြီ။

၅။ အသက်မပြတ်ရှင်လျက်ရှိသော အဝိဇ္ဇာ၊ တဏှာကို သေအောင်သတ်။ အမြဲသေ၍နေသော (အမြဲငြိမ်သက်အေးချမ်းသော) အသခ်တနိဗ္ဗာန်သို့ရောက်အောင် ကပ်ရမည်။

၆။ သခ်ါရအလုံးစုံ၌ စွဲလမ်းသော ဥပါဒါန်ကိုဖြတ်၊ သခ်ါရအားလုံးကို စွန့်လွှတ်နိုင်မှ အနုပါဒိသေသ နိဗ္ဗာန်သို့ရောက်မည်။

**(ဦးဝိစိတ္တသာရာဘိဝံသ)**
**မင်းကွန်းဆရာတော်ဘုရားကြီး**

✤ ✤ ✤

* စည်းကမ်းဆိုတာ၊ လူ့တန်ဖိုး။
စည်းကမ်းကြီးလေ၊ တန်ဖိုးကြီးလေ။
စည်းကမ်းများလေ၊ တန်ဖိုးများလေ။
စည်းကမ်းနည်းလေ၊ တန်ဖိုးနည်းလေ။
စည်းကမ်းမရှိ၊ တန်ဖိုးမရှိ။

**(မဟာစည်ဆရာတော်)**

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



၁။ အပြောမများ၊ အလုပ်များ၊ စွမ်းအားတက်ပါစေ။

၂။ ချမ်းသာဖို့ရာ၊ စီးပွားရှာ၊ လူ့ရွာသဘာဝ။

၃။ ကိုယ့်ကိုယ်ကိုသာ၊ ကိုယ်ဆရာ၊ ကိုယ့်သာအသိဆုံး။

၄။ သတိမြဲမြံ၊ ပစ္စုပ္ပန်၊ မှတ်ရန်အလုပ်ချိန်။

၅။ ကိုယ့်ကိုယ်ကိုသာ၊ အုပ်ချုပ်ပါ၊ မှန်စွာတိုးတက်မည်။

၆။ ရုပ်ထက်နာမ်ကို၊ အလေးပို၊ ကုသိုလ်ဖြစ်အောင်ပြု။

၇။ အကြောင်းရှိလျှင်၊ အကျိုးထင်၊ ဆင်ခြင်းသုံးသပ်လေ။

၈။ မရပ်မနား၊ ရှေ့သို့သွား၊ ကြိုးစားလိုက်ပါလေ။

၉။ ကံကောင်းလာကြောင်း၊ ကံသစ်လောင်း၊
ရေမြောင်း ဖောက်သည့်နှယ်။

၁၀။ သတိ, သတိ၊ အစဉ်ရှိ၊ မိမိအကျိုးရ။

၁၁။ အချိန်ကောင်းမွေ၊ ရက်ကောင်းတွေ၊ လွန်လေများလှပြီ။

၁၂။ အဆိုးထဲမှာ၊ အကောင်းရှာ၊ ချမ်းသာတွေ့နိုင်သည်။
မရှာတတ်က၊ သုခမှ ဒုက္ခဖြစ်တတ်သည်။

၁၃။ ကြီးသောချမ်းသာ၊ တောင့်တရှာ၊ ချမ်းသာငယ်ကို စွန့်ပါလေ။
ကြီးသောဆင်းရဲ၊ ကြောက်လျှင်လည်း၊ ဆင်းရဲငယ်ကို
သည်းခံလေ။

၁၄။ အခက်အခဲ၊ မကြောက်ဘဲ၊ အောင်ပွဲရအောင် ရဲရင့်လေ။

၁၅။ ကိုယ်ဖို့ဥစ္စာ၊ ကိုယ်တိုင်ရှာ၊ ချိန်ခါရှိတုန်း ရအောင်စု။

၁၆။ ခန္တီမေတ္တာ၊ ဤနှစ်ဖြာ၊ လူမှာအလှဆုံး။





၁၇။ စိတ်မပုပ်အောင်၊ သတိဆောင်၊ သိုလှောင်သိမ်း၍သုံး။

၁၈။ သတိနဲ့သာ၊ သိုလှောင်ပါ၊ ဘယ်ခါ စိတ်မပျောက်။

၁၉။ မိမိစိတ်ထဲ၊ သတိစွဲ၊ အမြဲအရောင်တောက်။

၂၀။ အဆင်ကောင်းမှ၊ ပုံချောရ၊ တောက်ပကြည်လင်မည်။
ပုံကြီးအောင်ချဲ့၊ ဆေးရောင်ထည့်၊ တကယ့်စိတ်စွမ်းရည်။

**(အရှင်သိရိန္ဒာဘိဝံသ၊ ဆယာ)**

* လူတစ်သက် ရှင်တစ်ရက်
ရှင်တစ်သက် ရဟန်းတစ်ရက်
ကျင့်တာ ညီမျှသည်။

**(ပြည်မြို့၊ ဓာတိကာရုံဆရာတော်ကြီး)**

✤ ✤ ✤

* နှစ်ဖြာရွှေရ၊ မလုံ့လဘဲ၊ ကိစ္စမနည်း၊ အလိုသည်း၍၊ အရည်းပိပိ၊ အလစ္စိဖြင့်၊ ဒုဿီကျင့်ဆန်း၊ ရှင်ပေါက်ပန်းတို့၊ ရဟန်းတမင့်၊ တဝင့်ဝင့်နှင့်၊ မင်းကျင့်စိုးကျင့် (လူ့ကျင့်ကျင့်ကီ) ပျောက်လွင့်သီတင်း၊ သီလကင်း၏။

**(မန်လည်ဆရာတော်ဘုရားကြီး)**

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



## လူ့အပြစ် ကင်းအောင်နေရန်

✤ ကိုယ့်ကိုယ်ကို ပါးတယ်၊ လည်တယ် ထင်မနေကြနဲ့။ အပါးလည်တော့ အပါယ်လားလိမ့်မယ်။

ကိုယ့်ကိုယ်ကို ကြွားချင်၊ ဝါချင်စိတ် မရှိကြနဲ့။ အဝါစိတ်ဟာ အဝိဇ္ဇာပဲ။

(စွန်းလွန်းဆရာတော်ကြီး ဦးကဝိ)

✤ ✤ ✤





✤ အုန်းသီး ငှက်ပျောသီးနှင့် တူသောလူ။
ဒူးရင်းသီးနှင့်တူသောလူ။
ကျီးအာသီးနှင့်တူသောလူ။
ပဒိုင်းသီးနှင့်တူသောလူ။
လူ့အုန်းငှက်ပျောသဏ္ဌာန်တူ၊ ကိုယ်စိတ်လွှန်ကြည်ဖြူ။
လူ့ဒူးရင်းသီးပုံကိုဆောင်၊ စိတ်တွင်းဝင်းဝင်းပြောင်။
လူ့ကျီးအာသီးပမာထား၊ စိတ်ရှုပ်ထွေကများ။
လူ့ပဒိုင်းသီးဆိုကြတာ၊ တွင်းပြင်ကြောက်စရာ ရှောင်ကြပါ။

(မဟာဆေးဝက်ဘာ့ဆရာတော်ကြီး)

✤ ✤ ✤

တချို့ လူကြီးမိဘများက ယခုခေတ်ကာလ သားသမီးများ အရင်နဲ့ကို မတူဘူး။ မိဘမှန်းမသိ၊ ဆရာသမားမှန်းမသိ၊ အစ်ကို အစ်မမှန်း မသိဟု အပြစ်စကား ပြောကြသေး၏။

ဤအပြစ်သည် ယခုခေတ် သားသမီးများ အပြစ်မဟုတ်ချေ။ ယခုခေတ် မိဘများ အပြစ်ဟူ၍ပင် ဆိုကြရချေမည်။

(အရှင်စန္ဒသိရီ)

ညောင်တုန်း၊ ရွှေဟသာကျောင်း

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



✤ လူတွေဟာ အကောင်းကြိုက်ကြတယ်။ ကောင်းကောင်း စားဝတ်နေကြတယ်။ အကျင့်ကျ အကောင်းမကျင့်ကြဘူး။

**(အရှင်ဇနကာဘိဝံသ)**

✤ ✤ ✤

✤ ကယောက်ကယက်၊ ကျက်ကျက်ပျောက်ပျောက်၊ စားသောက်အိပ်နေ၊ မရှိစေနှင့်၊ သေသေသပ်သပ်၊ စိတ်ယူစွဲ၍ အမြဲမှတ်။

**(ရှင်မဟာသီလဝံသ)**

✤ ✤ ✤

✤ တကာ, တကာမတွေ အနေဆိုးနေလို့၊ အသေဆိုး သေကြရတယ်။

**(ဦးဝိမလ)**
**မိုးကုတ်ဆရာတော်ကြီး**

✤ ✤ ✤



သူများနေရာမကျတာကို လျှောက်မပြောနဲ့၊ ကိုယ်နေရာ ကျတာ,မကျတာ သိရင် တော်ပြီ။ နေရာမကျတာကို နေရာမကျ ဘူးလို့သိရင် နေရာကျပြီဗျ။ နေရာလည်း မကျဘဲနဲ့ နေရာကျ တယ်ထင်တာကတော့ နည်းနည်းလေးမှ မျှော်လင့်စရာ မရှိဘူး ဗျ။

(ဝေဘူဆရာတော်ကြီး)

✤ ✤ ✤

လူထဲကလူ အတူတူတွင် အခြားသာမန် ပုထုဇဉ်မျိုးနှင့် တူအောင် ကြိုးစားကြရမည် ဖြစ်တယ်။ ထူးမြတ်တဲ့ ပုထုဇဉ် ဖြစ်အောင် ကြိုးစားအားထုတ်ရင်း စုန်လမ်း၊ ဆန်လမ်း မလိုက်ဘဲ အလယ်လမ်း၊ တက်လမ်းကို လိုက်ကြရမှာ ဖြစ်တယ်။

ပုထုဇဉ်တို့ရဲ့ အလေ့ဝါသနာဟာ အမွှေဟူသော မတရားမှု အကုသိုလ်ဘက်သို့သာ ဦးခေါင်းစိုက်နေလေ့ ရှိသည့်အတွက် ငါတို့လည်း ပုထုဇဉ်ပဲ အရိယာမှ မဟုတ်ဘဲ။ အမွှေမှာ ပျော် မယ် အကုသိုလ်မှာ ပျော်မယ်၊ မကောင်းမှုကို လိုက်စားမယ်" ဆိုသော အတွေးအခေါ် အယူအဆများကို နှလုံးသားတွင် မထား ကြပါ။

**စည်သူ့တိုင်းအရှင်အစ္စရိယ ([illegible])**
**ဓမ္မိကဇေတာရ၊ အထက်မင်းလှ**

www.burmeseclassic.com

www.burmeseclassic.com



လူ့သမိုင်း၌ ကောင်းသော ဖြစ်ပေါ်ပြောင်းလဲမှု ရှိသလို မကောင်းသော ဖြစ်ပေါ်ပြောင်းလဲမှုနှင့်လည်း မကင်းပေ။ အမှန်အားဖြင့် လူသားအပါအဝင် သက်ရှိသတ္တဝါတိုင်း၌ ထူးချွန်ထက်မြက်မှု စွမ်းရည်တစ်ခုခုတော့ ရှိတတ်စမြဲဖြစ်၏။ ထိုစွမ်းရည်ဖြင့် အသက်ရှင်ရေး ရုန်းကန်လှုပ်ရှားကြရ၏။ ထိုစွမ်းရည်ကို နည်းမှန်လမ်းမှန် ထုတ်သုံးတတ်လျှင် သုံးတတ်သည်လောက် တိုးတက်ကြီးပွား၏။

လူသားတို့၏ စွမ်းရည်နှင့် အရည်အသွေးကောင်းများ၊ ထက်မြက်ပေါ်ထွန်းချိန်မှာ ကောင်းသောဖြစ်ပေါ်ပြောင်းလဲမှုများ လူ့အဖွဲ့အစည်းတွင် ဖြစ်လေ့ရှိ၏။

စွမ်းရည် အရည်အသွေးတွေ ညှိုးပြန်လျှင်လည်း မကောင်းသော ဖြစ်ပေါ်ပြောင်းလဲမှုများက နေရာယူသွားတတ်၏။

အခြားသော ပတ်ဝန်းကျင်နှင့် သဘာဝအခြေအနေများ အကြောင်းပြု၍ အကောင်းနှင့်အဆိုး ဖြစ်ပေါ်ပြောင်းလဲမှု ရှိလင့်စကား လူသားသာလျှင် ဤကမ္ဘာ၌ အဓိကဇာတ်ဆောင်ဖြစ်လေ၏။

(ဆရာတော် ဦးပညာဝံသ)
မဟာမဗ္ဗောဒယ၊ မြန်မာကျောင်းတိုက်
လော့စ်အိမ်ဂျယ်လစ်၊ ကာလီဖိုးနီးယား၊ အမေရိကန်

✤ ✤ ✤





ငါသည် ဘယ်လို ငါဖြစ်ထိုက်သနည်း။ ငါသည် ငါ အကြည်ညိုခံရသော ငါဖြစ်ထိုက်၏။ သူတစ်ပါးကို ညာဝါး၍ ရသည်။ ငါ့ကိုယ်ငါ ညာဝါး၍ မရ။ မည်သူမဆို မိမိကိုယ်မိမိ ကြည်ညိုခံရသူဖြစ်အောင် ကြိုးစားရမည်။

(အရှင်ဇနကာဘိဝံသ)
မဟာဂန္ဓာရုံဆရာတော်၊ အမရပူရ

✤ ✤ ✤

တချို့လူတွေဟာ နေနဲ့ ရန်ဖြစ်တတ်ကြတယ်။ နေနဲ့ ရန်ဖြစ်တဲ့လူတွေ တွေ့ဖူးသလား။ အိမ်က ထွက်မယ် မကြံရသေးဘူး၊ နေကလည်း ပူလိုက်တာ၊ ပြင်းလိုက်တာနဲ့ သူ့သဘာဝအလျောက် ပူရတဲ့နေကို အပြစ်တင် ရန်လုပ်တာလေ။

တချို့ကျတော့လည်း မိုးနဲ့ရန်ဖြစ်ကြတယ်။ မိုးနဲ့မတည့်ဘူး။ မိုးကလည်း ရွာပဲရွာနိုင်လွန်းတယ်။ တိတ်ကို မတိတ်တော့ပါလား။ ဘာညာစသဖြင့် မြည်တွန်မာန်မဲကြတယ်။ မိုးမရွာတော့လည်း မရွာလို့တဲ့။ အေး...သဘာဝတရားကို အပြစ်တင်စိတ်ဆိုးတော့ ကိုယ်ပဲ ပင်ပန်းတယ်။ အကုသိုလ်ပွားတယ်။

(မြောက်ဥက္ကလာပ၊ ရွှေမင်းဆရာတော်ဘုရားကြီး)

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



လော်ကၡ္ဍ အနှစ်သာရကိုလို၍ အနှစ်သာရကိုရှာသော အမျိုးကောင်းသားသည် အနှစ်သာရနှင့် ပြည့်စုံသောသစ်ပင်ကြီးကို တွေ့ရပါလျက်၊ အနှစ်သာရကို မသိသဖြင့် ထိုအပင်၏ အကိုင်း၊ အခက်၊ အပွေး၊ အခွံ၊ အခေါက်၊ အကာများကိုသာ အနှစ်သာရကို လိုလားပါလျက် အနှစ်သာရကို မသုံးဆောင်ရ။ ထိုအတူ မဖြစ်ရအောင် အမျိုးကောင်းသားသည် လောကီ၊ လောကုတ္တရာ နှစ်ဖြာတို့၌ နှစ်ဖြာတို့၌ အနှစ်သာရဖြစ်သော လိုရင်းပန်းတိုင်သို့ တိုင်အောင် ကြိုးစားအားထုတ်ကြရမည် ဖြစ်ပေသည်။

(ဆရာတော်ကြီး ဘဒ္ဒန္တသောဘိတ)

✤ ✤ ✤

✤ ရာထူးဂုဏ်သိမ်၊ စည်းစိမ်ဥစ္စာ၊ မမြဲပါ။
ချိန်ခါမရွေး ပျက်တတ်သည်။
အပျက်မျိုးစုံ၊ ဤလူ့ဘုံ၌၊ တွေ့ကြုံဆုံကွဲ၊ တည်မမြဲ၊
မလွှဲပျက်ရမည်။
ဆိုင်သလောက်သာ၊ ရနိုင်တာ၊ ချိန်ခါစေ့က၊
ကွယ်ပျောက်ရသည်။
စီးပွားပျက်က၊ မပူရ၊ အေးမြတည်ငြိမ်သည်။

(အရှင်သိရီန္ဒာဘိဝံသ၊ ယော)

✤ ✤ ✤



လူ့ဏ်ဘဝ အရကြီးရ၊ သာမဏအစစ် အဖြစ်ကြီးဖြစ်၊ ခေတ်ကောင်းအခါ အကြုံကြီးကြုံပါလျက်၊ နှံချာစုတ်ပဲ့၊ မဟုတ်တဲ့ အလုပ်၊ မကောင်းမှုတွေ မွေ့ပျော်ရှုပ်၊ သရုပ်က အလွန်ပျက်၊ ရှက်စရာ အနေအကျင့်တွေနှင့်၊ သေလျှင်ဖြင့် အပါယ်လားကြမည့်၊ အပါယ် သွားကြမည့် တကယ့်သနားစရာကောင်းတဲ့ တပည့်တွေ (သတ္တဝါတွေ) ပါတကား။

မှားအစဉ် ပြင်ခဏ၊ သူတော်စင်ဖြစ်အောင်၊ ပြင်ဆင်နေထိုင်ကျင့်ကြံကြ တပည့်တို့။ ကိုယ့်အမှား ကိုယ်ပြင်၊ ကိုယ့်တရား ကိုယ်ဆင်ခြင်၏၊ သေချင်လျှင် တစ်ခဏမို့ ကိုယ့်တဝကိုယ် နှမြောကြစေလိုသည်။

မာန်လည်ဆရာတော်ကြီး၏ မဃဒေဝ လင်္ကာအဆိုက သည်လိုတဲ့....

"ယုတ်မာဆိုးကောင်း၊ ကျင့်မကောင်းကို၊
မှားကြောင်းစလီ၊ သိလျှင်သိခြင်း၊
ပယ်စွန့်လျှင်းလော့၊ ယင်းကိုစွဲမြဲ၊
ဖားမြွေခဲသို့၊ ဝမ်းထဲနှိုက်သို၊
မစွန့်လိုက၊ ထိုသူ့သုခ၊
မှန်မရဘူး"

(ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ)
မိုးကုတ်ပဏ္ဍိတ်ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝဆိုသည်မှာ လူ့ရုပ်၊ လူ့နာမ်၊ လူ့ခန္ဓာ စုပေါင်း၍ လူဟူ၍ဖြစ်နေသည်ကိုပင် "လူ့ဘဝ" ဟု ခေါ်လေသည်။ လူ့ဘဝသည် ချမ်းသာအမျိုးမျိုးကို ပေးနိုင်သော (ဘဝပဒေသာပင်ကြီး ဖြစ်သဖြင့်) လူ့ဘဝ၏ တန်ဖိုးကို မည်သူမျှ အကဲမဖြတ်နိုင်ချေ။

(ဘဒ္ဒန္တသေဋ္ဌိလာဘိဝံသ)
အဘိဓဇမဟာရဋ္ဌဂုရု

✤ ✤ ✤

ဥတုကြောင့်ဖြစ်သော သစ်ပင်များ၌ တစ်ပင်တည်းအသီးများမှာ တူလျက်သာ ရှိကြ၏။ ဥပမာ - သရက်ပင်၏ အသီးများမှာ တစ်လုံးနှင့်တစ်လုံး အနံ့အရသာ မကွဲကြ။

သတ္တဝါများ၌ကား ... ထိုသို့မဟုတ်။ မိဘတို့၏ ဥတုသွေးကြောင့် ဖြစ်ရခြင်းဟူသော တစ်မိပေါက် သားသမီးများမှာပင် အလွန်ခြားနားတတ်ကြ၏။

(သပြေကန်ဆရာတော်ကြီး၊ အရှင်ဝါသေဋ္ဌာဘိဝံသ)

✤ ✤ ✤





✤ သူများအပြစ်ကို မပြောပါနှင့်။
ကိုယ့်အပြစ်ကိုသာ ရှုပါ။

(ရွှေဥဒေါင်းဆရာတော်ကြီး)

✤ ✤ ✤

ကိုယ်ကပေးတဲ့ အခါကျတော့ တင်းတောင်းခပ်သေးသေး ထလေးနဲ့။ မသိမသာ ထည့်ပုံက လျှော့တယ်။ နို့ပေမယ့် အဝင်ချင်း မတူဘူး။ ခွက်တို့ တင်းတောင်းတို့ ခပ်သေးသေးနဲ့။ ကိုယ်က ယူရမယ့် အခါကျတော့ ခွက်တို့ တင်းတောင်းတို့ ခပ်ကြီးကြီး ထည့်ပုံကတော့ အတူတူပဲ။ အဲဒီလို တကတည်း အဒိန္နာဒါနတွေ လေး၊ ရောင်းရင်းဝယ်ရင်း၊ အဲ...ကူးသန်းရင်း၊ သူ့ငွေကြီးတွေ ထုပ်ရင်း ရောင်းလိုက်ကြ၊ ဝယ်လိုက်ကြတာ အတုတွေနဲ့ တကတည်း အဒိန္နာဒါနတွေ။ ဒီအထဲမှာ တစ်ခါ အဒိန္နာဒါန ဖြစ်ပါမည့်အကြောင်း မှသားက ရှေ့ကနေရတယ် ညာရတယ်။ [illegible]ထား ဟန်ဟန်ဖန်ဖန်နဲ့ ညာရတယ်။ ခုဒီအတိုင်း လောက ကြီးဖြစ်နေတာ။ ပြီးတော့ကာ...အဒိန္နာကိစ္စမှာ [illegible]ကြ၊ ညာကြ၊ [illegible]ကြ၊ ပရိယာယ်နှင့် လှည့်ပတ်ကြ၊ ရောင်းကြ၊ ဝယ်ကြ၊ [illegible]လုံး ငါးပါးသီလ ပျက်နေကြတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)
အရှင်ဇနကာဘိဝံသ



www.burmeseclassic.com

www.burmeseclassic.com



## ဗာလနံ့လူမိုက်အကြောင်းမှာထား

✲ သစ်ခြောက်ပင်အတွင်းမှာ တည့်ရှိတဲ့ မီးပွား,မီးပေါက် အနည်းငယ်ဟာ သစ်ခြောက်ပင်ကိုသာမက တောတောင်တစ်ခု လုံးကိုပါ တောမီးလောင်ကျွမ်းစေနိုင်တယ်။

အလားတူ စည်းကမ်းမရှိ တန်ဖိုးမဲ့ရှိတဲ့ တစ်ဦးတစ်ယောက် သော သားဆိုးသားမိုက်ကြောင့် မိဘဆရာသမားတွေသာမက မြို့ရွာနိုင်ငံတော်တစ်ခုလုံး သောကမီး လောင်ကျွမ်းစေနိုင်တာပေါ့။

(အရှင်အဂ္ဂဉာဏ၊ ချမ်းမြေ့)

★ ★ ★





✲ မမိုက်မှ အသက်ရှည်သည်။ မှတ်သားမှ အကြားအမြင် များသည်။

(စံကျောင်းဆရာတော်ဘုရားကြီး)

★ ★ ★

✲ လူမိုက်ဟူသည်၊ မီးတူ စင်စစ်၊ ပျက်ကြောင်းဖြစ်၏။ သူမိုက် လေ့လာ၊ မလိုက်နာနှင့်၊ သူမိုက်သွင်ကို၊ မမြင်ရထိုက်၊ သူမိုက် စကား၊ မကြားစေလို၊ သူမိုက် ကိုယ်နှင့် ထိုထိုတကွ၊ မပေါင်း ရလျှင်။

(မှာန်လည်ဆရာတော်)

★ ★ ★

✲ ရတနာမြတ်သုံးပါးနှင့် မိဘဆရာသမားတို့၏ အဆုံးအမကို မရသူ၊ အဆုံးအမ ရသော်ငြားလည်း မလိုက်နာ မကျင့်သုံးသူ၊ ထိုသူအားလုံးကို အသက်ရှင်လျက်နှင့်ပင် သေ၍နေသူများဟု ခေါ်ဝေါ်သမုတ်အပ်ပေသည်။ ထိုသူတို့၏ ဘဝခရီးကား သာယာ ဖြောင့်တန်း ပန်းခင်းသောလမ်း မဟုတ်။ ဆူးငြောင့်ပြွမ်းသည့် ခရောင်းလမ်းသာတည်း။

(အရှင်ဃနမ)

အထက်မင်းလှ၊ ရတနာကံကျောင်းဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



✻ ခွေးတို့သည် ကူးစက်တတ်၊ နှီးနှောမိတတ်သော်ကြောင့် သားသမီး, တပည့်တပန်းတို့ လူတော်လူကောင်းဖြစ်ရေး၌ မိဘ,ဆရာတို့၊ သူတော်ကောင်း၊ ပတ်ဝန်းကျင်အပေါင်းအသင်းတွေမှာ လူလိမ္မာဖြစ်ရန်လည်းကောင်း အရေးကြီးလှ၏။

မတော်တဆ၍ မိဘမိုက်၊ ဆရာမိုက်တို့နှင့် ဆုံနေရသည်ဖြစ်စေ၊ လူမိုက်တို့နှင့် ပေါင်းသင်းနေရသည်ဖြစ်စေ ခွေးမကူးအောင် အထူးသတိထားသင့်၏။

အကောင်းခွေးသည် အကူးအစက်နှေးတတ်သော်လည်း၊ မကောင်းခွေးဟူသည်မှာ အကူးအစက် မြန်တတ်သည်။

(အရှင်ဝါသေဋ္ဌာဘိဝံသ)
သမြေပြကန်ဆရာတော်ကြီး

★ ★ ★

✻ (မိုက်တယ်)ဆိုတာ မဲမှောင်တာပါပဲ။ မဲမှောင်နေတယ်ဆိုရင် ဘာမှမသိရ၊ မမြင်ရသလို လူမိုက်ဆိုတာဟာလည်းပဲ ဘာမှမသိသူ၊ ဘာမှမမြင်သူ၊ လူအန္ဓဖြစ်ပါတယ်။ ဒါကြောင့် အကောင်းအဆိုး၊ အကြောင်းအကျိုး မသိတတ်သူကို (လူမိုက်)လို့ ခေါ်ပါတယ်။



အဲဒီလူမိုက်ဆိုတာဟာ မောဟဆိုတဲ့ အမှောင်ထုက ဖုံးအုပ်ကာကွယ်ထားတဲ့အတွက် ဉာဏ်အလင်းရောင် ကွယ်ပျောက်၍ အလုပ်တစ်ခုကို လုပ်မယ်ကြံရင် "ဒီအလုပ်ဟာ အကျိုးရှိမှာလား၊ အကျိုးမရှိဘူးလား၊ အများချမ်းသာမယ့်အလုပ်လား၊ ဆင်းရဲမယ့်အလုပ်လား"ဆိုတာကို ကွဲကွဲပြားပြား ခြားနားပြီး မသိနိုင်လောက်အောင် ဆင်ခြင်တုံတရား (ဆင်ခြင်ဉာဏ်)ကင်းမဲ့တာမို့ ထင်ရာကိုပြုမူလုပ်ကိုင်တတ်တဲ့လူပဲ ဖြစ်ပါတယ်။

ဒါကြောင့် ပညာတွေ ဘယ်လောက်ပဲ တတ်နေနေ၊ အကုသိုလ်လုပ်ငန်းတွေ လုပ်နေပါက လူမိုက်သာ ဖြစ်ပါတယ်။ ပညာရှိ လူလိမ္မာ မဟုတ်ပါ။

ပထမကျော်၊ ဓမ္မာစရိယ အောင်ထားတဲ့ လူပြန်တော်ပင်ဖြစ်စေကာမူ၊ ဝိဇ္ဇာဘွဲ့, မဟာဝိဇ္ဇာဘွဲ့, ဒေါက်တာဘွဲ့ ရထားစေကာမူ၊ ကိုယ်ကျင့်တရား ပျက်စီးနေမယ်၊ ဒုစရိုက်မှုတွေ ပြုလုပ်နေမယ်၊ ဥပဒေဘောင်အပြင်ဘက်က စီးပွားရှာနေမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်လည်း ပညာတတ်လူမိုက်ပဲ ဖြစ်ပါတယ်။

ပညာတတ် လူမိုက်ဟာ ပညာမဲ့ လူမိုက်ထက် ကြောက်စရာကောင်းပါတယ်။

(မှော်ဘီ၊ သာသနာ့ဝန်ဆောင်ဆရာတော်ကုမာရ)

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com



✲ မိန်းမ၊ မင်း၊ လူမိုက်၊ မီး၊ မြွေ၊ ရေ တို့ကို သေမင်းကဲ့သို့ ရှောင်ရာ၏။

(စဥ့်ပါဆရာတော်ကြီး)

★ ★ ★

✲ ဝမ်းတွင်းအူတို၊ လူထိုထိုကား၊ ရန့်လိုရန်စ၊ မဆုံးကြဘူး။ ကိုယ်ကလက်ဦး၊ သူ့ကိုကျူးက၊ ထူး၍သူ့ထက်၊ ဆယ်ပြန်တက်အောင်၊ ကိုယ်ပျက်တတ်ခြင်း၊ မှန်စင်စီးတည့်။

ရေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော၊ စိတ်ကတကွဲ၊ ကိုယ်တလွဲနှင့်၊ အမြဲမလျော်၊ ကျင့်တတ်သောလူ၊ ထိုသူဖြစ်၏။

(မာန်လည်ဆရာတော်ဘုရားကြီး၊ ဘဒ္ဒန္တစေ)

★ ★ ★

✲ သည်းဖျားမှတ်စိမ့်၊ တဖန်မိန့်ခဲ့၊ နှစ်သိမ့်ဝမ်းသာ၊ ညီနားနာလော့၊ လူ့ရွာလျှပ်ပေါ်၊ ရှင်မြူးပျော်သည်၊ သူတော်မဟုတ်၊ လူယုတ်လူသောင်း၊ လူဗူးတောင်းနှင့်၊ မဧကာင်းမှုများ၊ နေ့တိုင်း





ပွားသည်၊ သောက်စားယစ်ဝ၊ လူမှာလက၊ စသည်လူ့တွင်၊ လူလေးခင်နှင့်၊ ပျော်ရွှင်စကား၊ လူမိုက်များတို့၊ ပေါင်းပြောရုံခါ၊ နီးယှက်လာလည်း၊ ဝေးစွာသားလှ၊ ခွာနိုင်မှတည့်၊ သားလှကိုယ်ကျိုး၊ စုံပြည့်ဖြိုးလိမ့်၊ ကြီးလေသားလှ၊ မှာသမျှကို၊ မချမြေဝယ်၊ မပယ်နှင့်သား၊ ဖစကားကို၊ ရှင်အားရ၍၊ သားလှမှတ်စေချင်၏တည်း။

(အတုလဆရာတော်ခင်ကြီးမျော်)

★ ★ ★

✲ မှုပျက်ရင်၊ လူပါပျက်လာတတ်တယ်။

(မြောင်းမြဆရာတော်ကြီး)

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com



## အချိန်အရေးပါခြင်းနှင့် ပတ်သက်၍

အကုသိုလ်မမှုဖြစ်သော အချိန်ကာလ မရှိစေရ။
ကုသိုလ်မမှုဖြစ် အချိန်ကာလကို ကုန်လွန်စေရမည်။
စာပေကျမ်းဂန် တတ်ရုံမျှဖြင့် တင်းတိမ်ရောင့်ရဲ မနေရ။
တရားသိအောင် ကျင့်ကြံအားထုတ်ရမည်။
သံသရာ၌ အသက်ရှည်ရန် မလိုအပ်။
သံသရာသက်တိုရန်သာ လိုအပ်သည်။

(ဘဒ္ဒန္တနာဂသေန)
တောင်လေးလုံးဆရာတော်ဘုရားကြီး

★ ★ ★





မိမိရဲ့ ကိုယ်, နှုတ်, စိတ် အမှုအရာအားလုံး၊ အလုပ်ကိစ္စအားလုံးမှာ အဆက်မပြတ် သတိကပ်ပြီး ရှုမှတ်နေရင် အချိန်ထိန်းကိရိယာ တပ်ဆင်ပေးတာပဲ။ သတိနဲ့စိတ်ကို ထိန်းသိမ်းရှုမှတ်နေရတာနဲ့ အလုပ်တွေ နောက်ကျသွားတော့မှာပဲလို့ ပူစရာမလိုပါဘူး။

အချိန်ကြာကြာလုပ်ရမယ့်အလုပ်ဟာ ခဏလေးနဲ့ မြန်မြန်ပြီးသွားလိမ့်မယ်။ အမှားအယွင်း အတိမ်းအချော်လည်း ကင်းလိမ့်မယ်။ ပြီးသမျှဟာလည်း အရည်အသွေးတောက်ပြောင်လိမ့်မယ်။

(အရှင်သိရိန္ဒာဘိဝံသ၊ ယော)

★ ★ ★

စိတ်အပူ အနိုးအငွေ့ ကိလေသာဆိုတာ အချိန့်သူခိုးတွေပါ။ ကုသိုလ်သူခိုး၊ ငြိမ်းချမ်းရေးသူခိုး၊ စိတ်ချမ်းသာသူခိုးဆိုတာလည်း ဒီ ကိလေသာတွေပဲ။

သူတို့က သတိလွှတ်တိုင်း ဝင်လာကြမှာပဲ။ လောကမှာ အကြောင်းသိတဲ့ အတွင်းသူခိုးဟာ ပိုကြောက်စရာကောင်းသလိုပဲ။

ဒီ ကိလေသာတွေဟာလည်း တကယ်ကြောက်စရာကောင်းတဲ့ အတွင်းသူခိုးတွေပါ။



www.burmeseclassic.com

www.burmeseclassic.com



လောကမှာ သူခိုး ခိုးသွားတဲ့ ပစ္စည်းဥစ္စာကို တစ်နည်းနည်းနဲ့ရှာရင် ရနိုင်သေးတယ်။ ကိလေသာဆိုတဲ့ အချိန်သူခိုးက ခိုးသွားတဲ့ အချိန်ကိုတော့ ဘယ်ပုံစံနှင့်မျှ ရှာလို့မရတော့ဘူး။

အချိန်ဟာ နောက်ထပ်အသစ်တွေသာ လာတော့မယ်။ အချိန်ဟောင်းက ဘယ်တော့မှ မလာတော့ဘူး။

**(အရှင်သီရိန္ဒာဘိဝံသ၊ ယော)**

★ ★ ★

လက်ရှိအချိန်ကို တန်ဖိုးထားပါ။

သူများ အကျိုးပျက်စီးရာကို ဘယ်အခါမှ မလုပ်နှင့်။ မပြောနှင့်၊ မကြံနှင့်။ ကြမ်းတမ်းသောစကားကို မဆိုနှင့်။ မေတ္တာနှင့်ယှဉ်သောစိတ်ကို ဖြစ်စေရမယ်။ အကောင်းကြံ၊ အမှန်လုပ်၊ အဟုတ်ပြော။ ယခုလက်ရှိအချိန်ထက် ကောင်းသောအချိန်မည်သည် မရှိ။ လက်ရှိအချိန်ကို နိဗ္ဗာန်အထိ အကျိုးရှိအောင် သုံးပါ။

**(မင်းကွန်း တိပိဋကဆရာတော်)**

★ ★ ★



အတိတ်ကိုလည်း မပြန်နဲ့၊ အနာဂတ်လည်း မကြံနဲ့။ ပစ္စုပ္ပန်တည့်တည့်ထား။ အတိတ်ကြံတော့ဒေါသဖြစ်တယ်။ အနာဂတ်ကြံတော့ လောဘဖြစ်တယ်။ ဒါကြောင့် ပစ္စုပ္ပန်ကာလသည်သာ အရေးကြီးတာ။ ဝိပဿနာလုပ်တဲ့အခါမှာလည်း ပစ္စုပ္ပန်ရောက်တဲ့ အချိန်သာ ရောင့်ရဲတင်းတိမ်မယ်ဆိုရင် အမှန်ချမ်းသာတယ်။

**(စွန်းလွန်းဆရာတော်)**

★ ★ ★

အချိန်ကို အကျိုးရှိအောင် အသုံးမချတဲ့ ပုဂ္ဂိုလ်ဟာ ဒုက္ခကင်းဖို့ရာ မျှော်လင့်ချက် မရှိဘူးတဲ့။ နိုးနိုးကြားကြား ထထကြွကြွ တရားအားထုတ်ရမှာ တရားအားမထုတ်ဘဲနဲ့ တစ်အိပ်တည်း အိပ်နေလို့ရှိရင် အဲဒီ ပုဂ္ဂိုလ်ဟာ နဂိုက မိမိလိုလားတဲ့ "သံသာရဝဋ္ဋဒုက္ခာမောဇနေ" ဆိုတဲ့ အဲဒီ ဆင်းရဲကုန်မှု အကျိုးကို ဘယ်မှာမြင်နိုင်ပါ့မတုန်း။ ဒုမ္မိတက္ကေန - ကောင်းတဲ့ သမ္မာဝိတက်တွေ၊ အကြံတွေ ကြံရမှာ။ မကောင်းတဲ့ ဝိတက်တွေ ကြံနေခြင်းဖြင့် ကောင်းတဲ့တရားတွေမရ။ အဲသလို မကောင်းတဲ့ ဝိတက်တွေ ကြံနေခြင်းဖြင့် မိမိနဲ့မဆိုင်တဲ့ အလုပ်တွေကို လုပ်နေသဖြင့် ဝဋ်ဆင်းရဲက ဘယ်မှာလွတ်မြောက်နိုင် မတုန်းတဲ့။

**(ပုဗ္ဗာရုံတောင် ရွှေကျင်ကျောင်းဆရာတော်ကြီး)**

**၁၃၅၁၊ သကြံန်ရက်အတွင်း ဟောတရားမှ**

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com



အချိန်တစ်ခုဟာ သတ္တဝါတစ်ယောက်အတွက် တစ်ခါပဲ အခွင့်အရေး ပေးတယ်။ နှစ်ခါပြန်ပြီး အခွင့်အရေး မပေးဘူး။ အချိန်တိုင်း အချိန်တိုင်း အမြဲတန်း မိမိကို နှုတ်ဆက်သွားနေကြတယ်။ ရောက်လာတုန်း သုံးရင်သုံး၊ မသုံးရင် နောက်ထပ် ပြန်မလာတော့ဘူး။ အချိန်တစ်ခုဟာ ဘာမျှကြာလိုက်တာ မဟုတ်ဘူး။ မကြာလိုက်ပေမယ့် သုံးတတ်ရင် တိုင်းတာကန့်သတ်လို့ မရအောင် စွမ်းရည်သတ္တိ တန်ဖိုးမြင့်မား တိုးတက်သွားရပါတယ်။ သတိဆိုတာ အလုပ်တိုင်း အချိန်ကိုက်ပြီးအောင်၊ အချိန်မီရလဒ်ပေါ်ထွက်လာအောင်၊ စနစ်တကျ အကွက်မိအောင်၊ ကွေ့ကောက်ချော်မသွားအောင် စိတ်ကို စီစဉ်လမ်းညွှန် အကွက်ချပေးတဲ့ စိတ်ရဲ့ အခမ်းအနားမှူးလည်း ဟုတ်ပါတယ်။

(အရှင်သီရိန္ဒာဘိဝံသ၊ ယော)

★ ★ ★

မအားဘူးလို့ ဆိုတာထက် ရနေတဲ့ အချိန်ကို မသုံးတတ်ဘူးဆိုတာက ပိုပြီးမှန်တယ်။ အချိန်ထိန်း ကိရိယာသတိ တပ်ဆင်ပေးလိုက်ရင် မအားတဲ့အချိန်ဟာလည်း တရားအချိန် ဖြစ်သွားတယ်။

(အရှင်သီရိန္ဒာဘိဝံသ၊ ယော)





တစ်နေ့နေ့တွင် သေရမည့် အမှန်ဟု သတိပြု။

မသေမီအချိန်တွင် ကုသိုလ်၊ အကုသိုလ် ကံနှစ်ပါးသာ ငါ့ဥစ္စာဟု အမြဲဆင်ခြင်။

(စံကျောင်းဆရာတော်ဘုရားကြီး)

★ ★ ★

လောက၌ အကြောင်းအကျိုး အကောင်းအဆိုးတို့သည် ဒွန်တွဲလျက် တည်ရှိ၏။ အချိန်အခါကောင်းရှိလျှင် အချိန်အခါဆိုး ရှိရမည်။ အခွင့်အရေးကောင်းရှိလျှင် အခွင့်အရေးဆိုးလည်း ရှိရဦးမည်။ ထို့ကြောင့် အချိန်အခါကောင်းတွင် အခွင့်အရေးကောင်းကို ယူတတ်ရမည်။ မယူတတ်လျှင် စိုးရိမ်ပူဆွေး စိတ်မအေး ဖြစ်ရလိမ့်မည်။

(အရှင်[illegible]မ)

အထက်မင်းလှ၊ ရတနာ့ဂုံကျောင်းဆရာတော်

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com

# တရား၊ တရား၊ တရား

✳ တရားဆိုတာ လုပ်ယူလို့ မရဘူး။
တောင်းယူလို့ မရဘူး။
မိမိကိုယ်တိုင် ကျင့်ကြံအားထုတ်မှရတယ်။

**(ကံလုံဆရာတော်ကြီး၊ ဘဒ္ဒန္တတေဇနိယ)**

❀ ❀ ❀

✳ လက်၏ တန်ဆာသည် လက်စွပ်၊လက်ကောက် မဟုတ်၊
ပေးကမ်းစွန့်ကြဲခြင်းသာ။

✳ နား၏ တန်ဆာသည် ပုတီးနားတောင်းမဟုတ်၊
တရားမြွေ ကြားနာခြင်းသာ။





✳ ကိုယ်၏တန်ဆာသည် ဘယက်ဒွါရမဟုတ်၊
ကရုဏာစိတ်ဖြင့် သူတစ်ပါးအကျိုး ဆောင်ရွက်ခြင်းသာ။

**(အရှင်ဝါသေဋ္ဌာဘိဝံသ)**
**သပြေကန်ဆရာတော်ကြီး**

❀ ❀ ❀

✳ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိဩတပ္ပ၊ ဤသူတော်ကောင်းဥစ္စာ ရတနာ (၇)ပါးနှင့် ပြည့်စုံသော အမျိုးသား၊ အမျိုးသမီးများ၏ အသက်ရှင်ခြင်းသာ တန်ဖိုးရှိသော အသက်ရှည်ခြင်း ဆိုနိုင်သည်။

**(ပခုက္ကူ၊ အရှင်ကောသလ)**

❀ ❀ ❀

✳ တရားအားထုတ်တယ်ဆိုတာ ဆရာသမားက ဥပနိဿယ ကျဖို့ အရေးကြီးတယ်နော်။

ဘယ်ဆရာပဲပြပြ၊ ဥပနိဿယကျရင် လမ်းမှန်တာပဲ။ ဆရာလုပ်သူကလည်း မိမိကိုယ်တိုင် ဥပနိဿယကျကျ လမ်းမှန်ပြနိုင်တဲ့ ဆရာ့ထံမှာ အားထုတ်ကျင့်ကြံ၍ နေရာတကျ အစစ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်သေချာ တတ်မြောက်နားလည်ပြီးမှ အဘိဓမ္မာ ဗဟုသုတက လည်း များများရရှိမှ၊ သူတစ်ပါးကို ပြသသင့်တယ်။

(အရှင်ရေဝတ)

ကသစ်ပိုင်ဆရာတော်ကြီး

❀❀❀

✱ မုဒ္ဒကလည်း သင်တို့ရဲ့ ကျူးလွန်ထားသောအပြစ်တွေ ငါအားလုံးဆေးကြောသုတ်သင်ပေးမယ်။ အပြစ်နှင့်ဒုက္ခမှ လွတ်မြောက်စေပြီး ချမ်းသာတဲ့ ဘုံဌာနကြီးတစ်ခုသို့ ငါ ပို့ဆောင်ပေးမယ်လို့ ဘယ်တော့မှ၊ ဘယ်တုန်းကမှ အာမခံချက် မပေးပါဘူး။ ဒီ အာမခံချက်မျိုး ဘယ်ပုဂ္ဂိုလ်မှလည်း မပေးနိုင်ပါဘူး။

(သဲကုန်းဆရာတော် အရှင်ဉာဏိဿရ)

❀❀❀

✱ တရားကင်းကွာ၊ မချမ်းသာ၊ ရှိတာတွေလည်း အငှားတွေ။
ပစ္စည်းခန္ဓာ၊ ရရုံသာ၊ ရတာတွေလည်း အဆိပ်တွေ။
တရားရှာမှ၊ ကိုယ်ပိုင်ရ၊ မုချချမ်းသာပေ။

(တိပိဋကဓရ၊ ယောဆရာတော်ကြီး)

❀❀❀





✱ ခန္ဓာကို မှန်းအောင် ကြည့်စမ်းပါ။ မိမိ ခန္ဓာကိုယ်က ထွက်တဲ့ ပစ္စည်းတွေ ဘယ်လောက်တန်ဖိုးရှိသလဲ။ တန်ဖိုးရှိတယ်ဆိုရင် အဲဒီစကားက မှားတယ်။ ခန္ဓာကိုယ်က ထွက်တဲ့ ပစ္စည်းတွေ မှန်သမျှဟာ ဘာမှ တန်ဖိုးမရှိပါဘူး။

မိမိခန္ဓာကိုယ်ကို မှန်းမှ၊ သူများ ခန္ဓာကိုယ်ကို မှန်းမယ်။ အဲသလို မှန်းလာတဲ့အခါ ရှုံစရာချင်း အတူတူ၊ သူ့ခန္ဓာကို ဘာလို့ ဘောက်ယူ ကျွေးမွေးချင်ဦးမှာလဲ။

ခန္ဓာကိုမှန်းမှ ဒုက္ခသက်သာမယ်။ ခန္ဓာကို မမှန်းရင် ဒုက္ခ ပိုများမယ်။ ခန္ဓာကိုမက်လို့ မောနေကြတာ။

ခန္ဓာအပေါ်မှာ ပျင်းမှန်းငြီးငွေ့အောင် ရှုကြရမယ်။ ခန္ဓာရဲ့ အပြစ်အပျက်ကို မြင်အောင် ရှုကြရမယ်။

(မြောက်ဥက္ကလာ၊ ရွှေမင်ဆရာတော်ကြီး)

❀❀❀

✱ **တုမှေ** - သင်ချစ်သားတို့သည်။ **ဓမ္မဒီပါ** - တရားတော်ကို သာလျှင် ကိုင်းကျွန်းသဖွယ် မှီခိုရာရှိကြကုန်သည်ဖြစ်၍။ **ဓမ္မသရဏာ** - တရားဟောကိုသာလျှင် ကိုးကွယ်ရာ ရှိကြကုန် သည်ဖြစ်တယ်။

(သဲကုန်း၊ အရှင်ဉာဏိဿရ)

သဒ္ဓါအိုင်



www.burmeseclassic.com

www.burmeseclassic.com

* သီလသည် အမွေးဆုံးလက်နက်ကောင်း။

* သစ္စာသည် အမှန်ဆုံးလက်နက်ကောင်း။

* ခန္တီသည် အမြတ်ဆုံးလက်နက်ကောင်း။

* မေတ္တာသည် အအေးဆုံးလက်နက်ကောင်း။

* သမာဓိသည် အဖြောင့်ဆုံးလက်နက်ကောင်း။

* ဘာဝနာသည် အမြင့်ဆုံးလက်နက်ကောင်း။

(မဟာဆေးဝက်ဘာ ဆရာတော်ဘုရား)

အမြဲလက်သုံးဘာဝနာ

❀❀❀

* နောင်တဟူသည်မှာ အမြင်မှန်ရခြင်း မဟုတ်ပါ။ အမြင်မှန်ရသူများမှာမူ နောင်တနှင့်ကင်းသည် မဟုတ်ပါချေ။ ထို့အတွက် မိမိတို့ဘဝမှာ အသက်ငါးဆယ်ကျော်မှ နောင်တတရားတွေ မွေ့ပိုက်ကာ စိတ်ပူပန်ရခြင်းတို့မှ ဝေးကွာရန် ဒုစရိုက်အမှုများကို ရှောင်ကြဉ်ရုံမျှသာမက သုစရိုက်တရားများကို ဖြည့်ဆည်းနိုင်ရန် အထူးသဖြင့် မိဘများကို သေမှ အသုဘ အကြီးအကျယ်ချခြင်းမျိုးထက် မသေမီက လုပ်ကျွေးပြုစုယုယခြင်းမျိုး စသည် ဖြည့်ဆည်းရန် မမေ့နှင့်။

(အရှင်ဣန္ဒဝံသာစာရ)





* အလှူခပ်သိမ်းတို့တွင် တရားအလှူသည် အမြတ်ဆုံး ဖြစ်၏။

အရသာခပ်သိမ်းတို့တွင် တရားအရသာသည် အမြတ်ဆုံး ဖြစ်၏။

မွေ့လျော်ခြင်းခပ်သိမ်းတို့တွင် တရားဖြင့် မွေ့လျော်ခြင်းသည် အမြတ်ဆုံးဖြစ်သည်။

တဏှာကုန်ခြင်း၏ အဆုံး၌ဖြစ်သော အရဟတ္တဖိုလ်သည်ကား (ခပ်သိမ်းသောဝဋ်ဒုက္ခ၏ ကုန်ခြင်း၊ ငြိမ်းခြင်းသို့ ရောက်စေတတ်သောကြောင့် ဧကန်အမြတ်ဆုံးဖြစ်၏။)

(ဦးအာဒိစ္စရံသီ)

ကြည့်မြင်တိုင်၊ ရွှေဥမင်အုဋ္ဌကျောင်းဆရာတော်

❀❀❀

* သုခါ သဒ္ဓမ္မဒေသနာ ဆိုသည်ကား အကြင်ကြောင့် သူတော်ကောင်းတို့၏ တရားဒေသနာကို အစွဲပြု၍ ဇာတိ အစရှိသော သဘောရှိကုန်သော သတ္တဝါတို့သည် ထိုဇာတိ အစရှိသည်တို့မှ လွတ်မြောက်ကြကုန်၏။ ထို့ကြောင့် သူတော်ကောင်းတို့၏ တရားဒေသနာတော်သည် ချမ်းသာလှပေ၏။

(ပဋ္ဌာန်းဆရာတော်၊ ဘဒ္ဒန္တဇာဝိသုဒ္ဓါဘိဝံသ)

မန္တလေး၊ မစိုးရိမ်ကျောင်းတိုက်

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

* သုံးပါးသရဏဂုံ၊ မြဲကာထုံ၊ မှတ်ကုန်ပရမ္မတ္တ။
ငါးပါးပဉ္စသီ၊ ခါးဝတ်ထီ၊ မြဲသည်ပရမ္မတ္တ။
ကု၊ အ,ကုမျာ်း၊ ထို ၂-ပါး၊ သိပြားပရမ္မတ္တ။
မေထုန်အိပ်စား၊ ထိုသူများ၊ လူသားတိရစ္ဆာန်။
စားဝတ်ကစ၊ နေထိုင်အားမရ၊ မှတ်ကြ လူပြိတ္တာ။
အချုပ်ထောင်ကျ၊ ညှဥ်းခံရ၊ မှတ်ကြလူငရဲသာ။

(အထက်မင်းလှ၊ ဓမ္မိကတောရဆရာတော်ကြီး)

❀ ❀ ❀

* သရဏဂုံခြုံရင် ကိုယ်လုံးလုံတယ်။
သရဏဂုံ သုံးပါးကို နေ့စဉ်ရွတ်ဆိုပူဇော်ပါ။
(တွံတေး သက်တော်ရှည်၊ ညောင်တံခါးဆရာတော်ကြီး)

❀ ❀ ❀

* နောင်တပူပန်
မရှိရန်
သိမှန်တရားသာ။

(စံကင်းဆရာတော်ကြီး)





* ပျက်ချင်တာ ပျက်ပါစေ။ စိတ်မညှိုးနွမ်း မပင်ပန်းရအောင် ထိန်းထားနိုင်မှ၊ ခံနိုင်ရည်ရှိမှ တန်ခိုးရှိတယ် ခေါ်ပါတယ်။ ပစ္စည်းတန်ခိုး လျော့ကျပေမယ့် တရားတန်ခိုးရှိရင် အရှုံးထဲက အမြတ်တောင် ပေါ်လာရပါသေးတယ်။


အကြောင်းအားလျော်စွာ ရရှိထားတာတွေ ပျောက်ကွယ်ကုန်ဆုံးသွားရင် စိတ်မာတ်မကျဆင်းရအောင် အကျင့်စာရိတ္တ မပျက်စီးရအောင် တရားစွမ်းအားနဲ့ ငိုင်နိုင်စွာ ထိန်းထားနိုင်ရမယ်။

စည်းစိမ်ဥစ္စာ ပျက်တဲ့နောက်ကို စိတ်ပျက်တာနဲ့ အကျင့်ပျက်တာ ပါမသွားစေရဘူး။

(အရှင်သီရိန္ဒာဘိဝံသ၊ ယော)


www.burmeseclassic.com

www.burmeseclassic.com



## ကိုးကွယ်ဆည်းကပ်မှု

★ ရွှေလက်ကောက်ကို ရွှေလက်ကောက်အစစ်ပဲဟုသိပြီး ကြေးလက်ကောက်ကိုလည်း ကြေးလက်ကောက်အတုကြီးပဲဟု အမြင်ရှင်းသူများလည်း ရှိကြပေသည်။

ရွှေသည် ကြေးမဟုတ်။ ကြေးသည်လည်း ရွှေမဟုတ်။ ထို့နည်းအတူပင် ဘုရားရတနာအစစ်သည် ဘုရားအတု မဟုတ်။ ဘုရားအတုသည်လည်း ဘုရားရတနာအစစ် မဟုတ်ပေ။

(အရှင်ဓမ္မရက္ခိတ)

ထောက်ကြန့်တောရ၊ ချောင်းဦးဆရာတော်





★ ဤလောက၌ စင်စစ်ကေန် လူချမ်းသာဖြစ်လိုသော ပုဂ္ဂိုလ်တို့သည် စည်းစိမ်ဥစ္စာ ရတနာရွှေငွေ ပြည့်စုံစေရေးထက် အထူးသဖြင့် ကရုဏာရှင် ဘုရားသခင်တို့၏ အဆုံးအမ နှုတ်မြွက်တော်ကို အောက်မေ့လျက် အခါအားလျော်စွာ အလွန်ကြုံကြိုက်ခဲလှသော ဗုဒ္ဓုပ္ပါဒ ဒုလ္လဘနဝမ ခေတ်အခါကောင်းကြီးမှာ ပညာရှိသူတော်များပီပီ ယုံကြည်မှုသဒ္ဓါ စောင့်စည်းမှုသီလ စွန့်ကြဲမှုစာဂတရားတော်ကို ရှုမြင် ဆင်ခြင်ပွားများမှုကို နေ့ညမကျွာ အားထုတ်ခြင်းဖြင့် လူချမ်းသာ စင်စစ်ကေန် ဖြစ်နိုင်ကြပါစေ။

အရှင်စန္ဒသိရိ (မဟာစရိယ)

လူချမ်းသာဟူသည်မှာ

★ ဘုရားရှင်ရဲ့ အဆုံးအမဟာ ဘာနဲ့တူသလဲဆိုတော့ အနောတတ္တ ရေအိုင်ကြီးနဲ့ တူတယ်။ အဲဒီ ရေအိုင်ထဲကို လောဘမီး၊ ဒေါသမီး၊ ဘာမီးတွေပဲ ကျလာလာ ရေထဲကျ မီးငြိမ်းသွားရသလို၊ ဘာမှ အလောင်မခံရတော့ဘူး။

(ဝေဘူဆရာတော်ဘုရားကြီး)



www.burmeseclassic.com

www.burmeseclassic.com



★ ရတနာ၏ အရည်အသွေးကိုသိမှ ရတနာ၏ တန်ဖိုးကို အကဲဖြတ်နိုင်မည်။ တန်ဖိုးသိမှ တန်ဖိုးရှိတာ ပေါ်လာမည်။ တန်ဖိုးရှိမှ ရတနာ၏ အရည်အသွေးကို မြတ်မြတ်နိုးနိုး နှစ်သက်ယုံကြည်မှုအား ပိုလာနိုင်သည်။

ရတနာအစစ်ကို ခိုင်မြဲစွာ ယန်ဆင်ထားသောသူသည် ထိန်လက်လင်းပြောင် အရောင်ဟပ်သဖြင့် ဘဝတက်လမ်းနယ်ပယ်၌ ဂုဏ်သရေတင့်တယ်ပြီး မိမိစိတ်ဝယ် တမ်းတသည့် သမ္မာဆန္ဒမျိုးစုံကို ပြည့်ဝကုန်လုံစေနိုင်စွမ်း ရှိလေသည်။

**(အရှင်ဓမ္မရက္ခိတ)**

✎ ✎ ✎

★ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတို့သည် ကာလမရွေးတွင် မှန်၏။ ဒေသမရွေးတွင် မှန်၏။ လူမျိုးမရွေး၊ သတ္တဝါမရွေး မှန်၏။

ထိုမှန်သော တရား ၃-ပါးကို မှန်စွာ ဟောကြားတော်မူသော ကျေးဇူးတော်အရှင် တရားပိုင်ရှင်ကြီးလည်း ဖြစ်တော်မူသော ဆရာသခင် မြတ်စွာဘုရားရှင်နှင့် မြတ်စွာဘုရားတို့၏ တရားတော်များ၊ မြတ်ဘုရား၏ တပည့်ရဟန်း သံဃာတော် အရှင်မြတ်တို့အား···

**ဗုဒ္ဓေါ မေ သရဏံ အညံနတ္ထိ**
**ဓမ္မော မေ သရဏံ အညံနတ္ထိ**
**သံဃော မေ သရဏံ အညံနတ္ထိ ဟု····**

ယုံမှား သံသယ အညစ်အကြေးကင်းစွာ ယုံကြည်ကိုးကွယ် ဆည်းကပ်ပူဇော်ကြပါကုန်၏။

ဤသို့ ယုံကြည်ကိုးကွယ် ဆည်းကပ်လျက်ရှိကြကုန်သော သူတို့သည် အစီးအပွား ဆုတ်နစ်ခြင်းကင်း၍ တိုးပွားခြင်းတို့နှင့်သာ ကြုံတွေ့ခံစား ရရှိကြကုန်၏။

**(အရှင်နေမိန္ဒမဓမ္မဝိဇ္ဇာ)**
**နေမိန္ဒမဓမ္မအေးရိပ်စခန်း**

✎ ✎ ✎

★ အတုမရှိသော မဟာပုရိသဗုဒ္ဓ၏ ပုံတော်ရှေ့မှာ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်း စသည် ကပ်လှူပြီး ရှိခိုးနေရတာဟာ ဗုဒ္ဓဘာသာဝင်တို့ရဲ့ စိတ်နှလုံးမှာ ကြည်လင်အေးချမ်းပြီးတော့ ဆုတ်နစ်သော စိတ်ဓာတ်က တက်ကြွလာတယ်။

ကျဆင်းနေသော စိတ်ဓာတ်က တိုးပွားလာတယ်။ ညစ်ညူးနေသော စိတ်ဓာတ်က ကြည်လင်လာတယ်။

**(သဲကုန်းဆရာတော်၊ အရှင်ဉာဏိသရ)**

✎ ✎ ✎




www.burmeseclassic.com

www.burmeseclassic.com



★ ဘာဆောင်ရင် လာဘ်ကောင်းစေတယ်ဆို····ဆောင်။

ဘယ်သွားရင် စီးပွားတက်စေတယ်ဆို····သွား။

ဘာကိုးကွယ်ရင် ချမ်းသာတယ်ဆို····ကိုးကွယ်နဲ့၊ အဆောင် ဝယ်ခ၊ သွားလာခ၊ ကုန်ကျမှုတွေများလာတာ ''တစ်တိ့တစ်တိ နဲ့ ငအိကျားချီ''သလို ဖြစ်နေပြီ။

စည်းကမ်းမရှိတာတွေထဲမှာတော့···

(ကိုးကွယ်မှု စည်းကမ်းမရှိတာလောက် ဘဝနစ်မွန်းတာ မရှိနိုင်ဘူး)

စားဝတ်နေရေး စည်းကမ်းမရှိတာထက်၊ ကိုးကွယ်မှု စည်းကမ်းမရှိတာက ဘဝသံသရာမှာ ဆင်းရဲဒုက္ခ ပိုရောက်တယ်။

**(အရှင်အဂ္ဂဉာဏ၊ ချမ်းမြေ့)**

# ဟီရိ၊ ဩတ္တပ္ပ အရေးကြီးလှ

✱ ဟီရိဆိုသည်မှာ မကောင်းမှုမှ ရှက်တတ်၊ စက်ဆုပ်တတ် သောသဘော၊ ဩတ္တပ္ပဆိုသည်မှာ မကောင်းမှုမှ ကြောက်ရွံ့ ထိတ်လန့်သောသဘော။ ဟီရိကား မစင်လူးသော သံတွေခဲ ကိုင်ဝံ့သော သူနှင့် တူ၏။ တဩမဇ္ဈတာ ဆိုသည်မှာ လုဒ္ဒာရုံ၊ အနိဋ္ဌာရုံ၌ စိတ်ကို အညီအမျှဖြစ်စေတတ်သော သဘော။ ကရုဏာဆိုသည်မှာ ဆင်းရဲသော ဒုက္ခိတ သတ္တဝါကို အာရုံပြု၍ သနားတတ်သော သဘော။ မုဒိတာဆိုသည်မှာ ချမ်းသာသော သုခိတ သတ္တဝါကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော။

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ သစ္စာ၊ ယင်း တရား ၄-ပါး တို့ကို လောကမေဒနီ၊ လောက၏ အဆီဟူ၍ ဆိုအပ်ကုန်၏။ အဘယ်ကြောင့်နည်းဆိုသော် လောကကို စိုရွှမ်းပွားများ တိုးတက် စည်ကားစေတတ်သောကြောင့်တည်း။ ထိုစကားမှန်၏။ သတ္တဝါ သဏ္ဍာန်၌ အဆီအသားတရား ၄-ပါးဖြင့် စိုရွှမ်းလေလေ လောကကြီး စိုပြည်စည်ကား ပွားများတိုးတက်လေလေ၊ အဆီ အသားတရား ၄-ပါး ခြောက်ခန်းလေလေ လောကကြီးလည်း ခြောက်ခန်းသေးနုတ်လေလေ ဖြစ်သည်။

**(ဒီပဲရင်းဆရာတော်ကြီး)**

* * *

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ သစ္စာ။ ယင်း အဆီအသား တရား ၄-ပါးကြောင့် စိုရွှမ်းစည်ကားသော လောကကြီးကို ဟီရိ တရား၊ ဩတ္တပတရားနှစ်ပါးတို့ စောင့်ရှောက်သည်။ ယင်းတရား နှစ်ပါး မစောင့်ရှောက်သည်ရှိသော် လောကကြီး ပျက်လေ၏။

လောကကြီးဆိုသည်ကား သတ္တဝါတွေကို ဆိုသည်။ ပျက် သည်ဆိုသည်ကား တရားပျက်သည်ကို ဆိုသည်။

တရားပျက်သည်ကား အရှက်မရှိ၊ အကြောက်မရှိ။ ဟီရိ ဩတ္တပ္ပတရား ၂-ပါး လုံးလုံးကင်းကြ၍ အဆီးခန်းခြောက်





ခမ်းခြောက်ခမ်းသာ မြိန်မြိန်ရှက်ရှက် အားရပါးရ အကုသိုလ်စရိုက် တွေကို ပြုကျင့်နိုင်သည်ကို ဆိုလိုသည်။

တရားပျက်က ဥတုလည်း ပျက်လေသည်။ ဥတုပျက်က အာဟာရလည်း ပျက်လေသည်။

ဥတု၊ အာဟာရပျက်က ဥတုဇရုပ်၊ အာဟာရဇရုပ် အထည် ခံရှိသော အဇ္ဈတ္တ၊ ဗဟိဒ္ဓလောကကြီး ကြုံလှီခြောက်ခန်းညှိုးနွမ်း သေးနုတ် ဆုတ်ယုတ်ပျက်ပြား၏။ ထို့ကြောင့် ဟီရိ၊ ဩတ္တပ္ပ တရား ၂-ပါးတို့ကို လောကပါလ တရားဟူ၍ ဆိုအပ်ကုန်၏။

**(ဒီပဲယင်းဆရာတော်ကြီး)**



www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာစာတ်ခံ ကောင်းအောင်လုပ်ပါ

✤ မေတ္တာဆိုတဲ့ တရားပွားများပြီဆိုတော့ မပွားများခင် မိမိတို့မှာ ပြည့်စုံထားရမယ့် တရားတွေလည်း ရှိသေးတယ်။

လောကမှာ၊ ဓာတ်ခံကောင်းမှာ မွန်မြတ်တဲ့ တရားတည်နိုင်တယ်။ ဓာတ်ခံမကောင်းရင် မွန်မြတ်တဲ့တရားဟာ မတည်နိုင်ဘူး။

ဒါကြောင့်မို့ ဓာတ်ခံကောင်းအောင် မိမိတို့က ကောင်းမြတ်တဲ့ အကျင့်လေးတွေ ကျင့်သင့်တယ်။

(သမိုင်းပြောကန်ဆရာတော်ကြီး)

✤ ✤ ✤





ဘုန်းကြီးတို့ကတော့ သတ္တဝါတိုင်းကို မေတ္တာထားတယ်။ မေတ္တာပို့တယ်။ မေတ္တာဆိုတာ ခံယူတတ်ဖို့လည်း လိုတယ်။ ခံယူတတ်ရင် ပိုပြီးအကျိုးကြီးတယ်။ ဘုန်းကြီးက မေတ္တာပေးပါတယ်။

ဘုန်းကြီး မေတ္တာကို တကယ် ရ,မရသိချင်ရင် ဒီကနေ မိုင်ပေါင်း ရာဂဏန်း၊ ထောင်ဂဏန်းဝေးတဲ့နေရာ ရောက်တဲ့အခါ အသားလွတ်စားပါ။ စားတဲ့နေ့မှာ မိမိတို့ ပုတီးစိပ်နေကျ၊ ပုတီးစိပ်ကို အမိဋ္ဌာန်တင်ပြီး စိပ်ပါ။ ဘုန်းကြီးကိုလည်း မှန်းပြီး ဘာန်တော့လိုက်ပါ။ ပုတီးစိပ်နေဆဲ (သို့မဟုတ်) စိပ်ပြီး အချိန်မှာ အမွှေးနံ့သာ ရောက်လာခဲ့လျှင် ဘုန်းကြီးမေတ္တာကို ရပြီလို့ မှတ်ပါ။

(ကံ့လုံဆရာတော်ကြီး၊ သြဝါဒ)

✤ ✤ ✤

✤ မေတ္တာအမြဲပွားနေတဲ့ပုဂ္ဂိုလ်ဟာ သမုဒ္ဒရာကြီးဟာ သူ့အဖို့ [illegible]ကလေးလိုပဲ ဖြစ်နေတယ်။

ဆိုလိုတာက သမုဒ္ဒရာကြီးဟာ ဒုက္ခမပေးနိုင်တော့ဘူး။ [illegible]ဟာလည်း ရေလို ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ်တောင်ကြီးဟာ ကျောက်စရစ်ခဲလေးလို ဖြစ်နေတယ်။ အဆိပ်စားမိရင်လည်း အဲဒီအဆိပ်ဟာ နတ်သုဒ္ဓါကဲ့သို့ ဖြစ်နေတယ်။

မိမိကို ကိုက်မလို့ ပြေးလာတဲ့ မြွေဟာ ယန်းကုံးလို ဖြစ်သွားရတယ်။ ဘယ်လောက်ပဲ ငလျင်ကြီးလှုပ်လှုပ် မေတ္တာပွားများနေတဲ့ ပုဂ္ဂိုလ်အဖို့ ပုခက်စီးရသလိုသာ ဖြစ်နေတယ်။

(အရှင်ဝါသေဋ္ဌာဘိဝံသ)
သပြေကန်ဆရာတော်ကြီး

✤ ✤ ✤

✤ ဘုန်းကြီး တောတောင်ထဲမှာ တစ်ပါးတည်းနေပြီး မေတ္တာကမ္မဋ္ဌာန်း အားထုတ်ခဲ့စဉ်က ကျား၊ ဆင်၊ မြွေ၊ ဝက်ဝံကြီးတွေစတဲ့ သားရဲ တိရစ္ဆာန်တွေနဲ့ ရင်ဆိုင်တွေ့ရပေမယ့် အန္တရာယ်အပြု မခံခဲ့ရဘူး။

သူတို့အပေါ် မေတ္တာစိတ် ဖြန့်ကျက်ထားနိုင်လို့ အနားထိလာပြီး ယဉ်ပါးခဲ့တယ်။

နောက်ပြီး တောတောင်ထဲမှာ မင်းတို့မြို့ပေါ်က မမြင်ဖူးတဲ့ ပုဂ္ဂိုလ်တွေ၊ သူတော်စင်တွေလည်း တွေ့ကြုံခဲ့ရ၊ ဖူးမြော်အကြည်ညိုခံရတာလည်း ရှိတာပေါ့လေ။

(သီပေါဆရာတော်ကြီး)
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တလာဘဝံသ

မိတ်ဆွေစာပေ



✤ မေတ္တာပို့သရာမှာ ပါးစပ်ကသာ သတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေလို့ ဆိုပြီး တကယ်တမ်း ဒုက္ခရောက်နေတဲ့ သတ္တဝါတို့ကို တွေ့ကြုံတဲ့အခါမှာတော့ အဲဒီ သတ္တဝါဒုက္ခက လွတ်ရာလွတ်ကြောင်း ဘာမျှ ကူညီဆောင်ရွက်ပေးခြင်း မရှိဘူးဆိုရင် ဒီပုဂ္ဂိုလ်မျိုးရဲ့ ပါးစပ်ကရွတ်တဲ့ မေတ္တာပို့ဟာ အမှန်တကယ်ဖြောင့်မတ်တဲ့ မေတ္တာလို့ မဆိုနိုင်ပါဘူး။ အဲဒီလို မဖြစ်အောင် ဖြောင့်မတ်တဲ့မေတ္တာ ရှိရမှာပါ။

(သာမညတောင်ဆရာတော်ကြီး ဦးဝိနယ)

✤ ✤ ✤

✤ ဗြဟ္မစိုရ်တရား လေးပါးထဲမှာ မေတ္တာ၊ ကရုဏာနှင့် ဥပေက္ခာတို့ ဖြစ်ဖို့က လွယ်ကူတယ်။

သူတစ်ပါးတို့ထက် ကြီးပွားနေတာ မြင်လို့,ကြားလို့ ဝမ်းမြောက်ရမယ့် မုဒိတာဖြစ်ဖို့က ခဲယဉ်းတယ်။

(ပြည်မြို့၊ ဇောတိကာရုံဆရာတော်ကြီး)

✤ ✤ ✤

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



✤ ဘုန်းကြီးတို့ကတော့ ဘုရား ပညတ်တော်မူခဲ့တဲ့ ဥပဒေသအတိုင်း လိုက်နာပြီး ဘုရားကြိုက်တဲ့ ပရိယတ် ပဋိပတ်အလုပ်ကို မှန်မှန်လိုက်ပြီး ဘုရားရှင်ကို ပူဇော်တယ်။

နတ်လူ သတ္တဝါတွေကို မေတ္တာပို့တယ်။ အထူးသဖြင့် ဘုန်းကြီးပြုသမျှ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်များကို ကိုယ်စောင့်နတ်၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး၊ ဓာတုလောကပါလနတ်၊ သာသနာစောင့်နတ်များကို အမျှပေးဝေတယ်။ မေတ္တာပို့သတယ်။

နတ်လူ သတ္တဝါ ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ အချိန်ရှိတိုင်း စွဲစွဲမြဲမြဲ မေတ္တာပို့တယ်။

(ဒီမေတ္တာတန်ခိုး)တွေကြောင့် ဘုန်းကြီးအသက်ရှည်နေတာ ဖြစ်ပါလိမ့်မယ်။

ရောဂါလည်း ကြီးကြီးမားမား တစ်ခါမျှ မဖြစ်ဖူးပါဘူး။ ဘယ်ဆေးမှလည်း စွဲစွဲမြဲမြဲ မမှီပဲရပါဘူး။ ယနေ့အထိ မျက်စိလည်းကြည်၊ နားလည်းကြည်၊ သွားလည်းကောင်း၊ ခါးလည်းမတ်တောင်ဝှေးတောင် မကိုင်ရသေးပါဘူး။

(ဆရာတော်ကြီး သက်တော် ၉၅-နှစ်အရွယ်တွင်
မြွက်ကြားသော ဩဝါဒ)
(ရွှေဟင်္သာဆရာတော်ကြီး)





✤ မေတ္တာဆိုတာ သူတစ်ပါးကို ကြီးပွားချမ်းသာလိုသောစိတ်။ တရားကိုယ်က အဒေါသ။ အပြစ်ကင်း၍ သန့်ရှင်းကြည်လင်သောစိတ်။ တရားကိုယ်က အရိုးခံတရားကြီး။ ပုဂ္ဂိုလ်သတ္တဝါ မျက်နှာမလိုက်။ လေးလေးနက်နက် ပို့ရန်သာ အဓိက။ သတ္တဝါအားလုံးလိုတရဆေး။ တစ်လောကလုံး၏ ငြိမ်းချမ်းရေးလက်နက်။ ဗုဒ္ဓဝါဒ၏ အနှစ်သာရ၊ ပိဋကတ်သုံးပုံ၏ အမတ။ အရာရာတွင် လိုအပ်သလို အသုံးချ၍ရသော သဘာဝအင်အားကြီး ဖြစ်တယ်။

(ဆဒ္ဒဝါဓော်ကြီး ဘဒ္ဒန္တကုသလ)

✤ ✤ ✤

✤ ကလျာဏ၊ မိတ်ဆွေအချင်းချင်း တစ်ယောက်အပြစ်ကို တစ်ယောက် သည်းခံကြ၍ အသက်ထက်ဆုံး ကရုဏာမေတ္တာကို ရှေးရှုထားကြလျက် ကိုယ်စိတ်နှစ်ဖြာ အလွန်အေးချမ်းညီညွတ်လှစွာ နေထိုင်မွေ့လျော်ကြရပေမည်။

(ဝွကိုးလုံးဆရာတော်ကြီး၊ ဘဒ္ဒန္တနန္ဒိယ)

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



✤ တဏှာရာဂ လောဘနှင့်ဒေါသ နှစ်မျိုးလုံးပင် စိတ်အစဉ်မှာ အနာရောဂါနှင့် တူ၏။ ဗုဒ္ဓမြတ်စွာသည် တဏှာရာဂ၊ လောဘ ရောဂါကို ကုစားဖို့ရာ အသုဘ ဘာဝနာဆေးကို ပေးတော်မူ၏။ ဒေါသရောဂါကို ကုစားဖို့ရာ မေတ္တာကရုဏာဆေးကို ပေးတော်မူ၏။

ထို့ကြောင့် တဏှာလောဘ ရောဂါပျောက်ဖို့ရာ လှသူတွေကို သူတို့၏ ခန္ဓာကိုယ်အတွင်းရောက်အောင် ဉာဏ်ဖြင့်ထွင်းဖောက်၍ (ခေမာမိဖုရားရှုသလို) အသုဘရှုပါလော့။

စိတ်ဆိုးစရာ၊ မုန်းစရာ သတ္တဝါမရှိအောင် သတ္တဝါတိုင်းကို ကျန်းမာပါစေ၊ ချမ်းသာပါစေဟု (မေတ္တာစက္ခု၊ ကရုဏာစက္ခု)ဖြင့် ကြည့်ရှုပါလော့။ ထိုသို့ ရှုနိုင်လျှင် လောဘ၊ ဒေါသ ဓာတ်ခံပျောက်၍ နောက်ဘဝ၌ လောဘနည်းသူ၊ ဒေါသနည်းသူ ဖြစ်နိုင်ပါသည်။

**(အရှင်ဇနကာဘိဝံသ)**

✤ ✤ ✤

✤ မေတ္တာသည် ခရီးဖြစ်၍
သစ္စာသည် စည်းဖြစ်သည်။

**(ရွှေပေါ်ကျွန်းဆရာတော်)**





✤ "အစရှိက မှရှိရိုးသာ့ ဓမ္မတာရှင့်" ဆိုတဲ့ စကားအတိုင်းပဲ အစရှိရင် ပြဿနာဟာ ရှိတတ်စမြဲပဲ။ ပြဿနာ ပေါ်လာရင် မိသားစုစိတ်ဓာတ်နဲ့ ကြည့်မြင်သုံးသပ်ပြီး စိတ်ရှည်ရှည်ထားကာ ဖြေရှင်းရတယ်။

**(ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်)**



www.burmeseclassic.com

www.burmeseclassic.com

## ဒုက္ခသစ္စာ တရားသဘောများ

★ ဒုက္ခသစ္စာတရားဆိုတာ တဏှာ သမုဒယသစ္စာကို အရင်းခံတယ်။ တဏှာသမုဒယလျှင် အမှန်အစ ရှိတယ်။

ထို ဒုက္ခသစ္စာ၊ သမုဒယသစ္စာနှစ်ပါးတို့၏ ချုပ်ရာ ချုပ်ကြောင်းဖြစ်တဲ့ မဂ္ဂသစ္စာကိုလည်း ငါတို့ဆရာ မြတ်စွာဘုရားက ဟောကြားတော်မူတယ်။

တရားအားလုံးတို့ ချုပ်ဆုံးရာအမှန် နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာကိုလည်း ဟောကြားတော်မူတယ်။

ငါတို့ဆရာ မြတ်စွာဘုရားက ဤသို့သော အယူဝါဒ ရှိတော်မူတယ်။

(အရှင်အဿဇိ)

★ ★ ★





★ ဒီခန္ဓာ ဒုက္ခက နိဗ္ဗာန်ရမှသာ လွတ်နိုင်ကြမှာ။ ဒီတော့ ဝိပဿနာပွား,ပွားပြီး နိဗ္ဗာန်သွားရမယ်။ ဒီလို ပွားပြီးမှသာ ခန္ဓာရဲ့ အပြစ်ကို မြင်မယ်။ ခန္ဓာအပြစ်မြင်မှ နိဗ္ဗာန်ရမယ်ဆိုတာ မှတ်လိုက်ကြ၊ ရှင်းပြီးလား? … ဒီခန္ဓာ ဒုက္ခက လွတ်ဖို့ ကျွတ်ဖို့ တခြားလမ်း မရှိတော့ဘူး။

ဒီ မဂ္ဂင်လမ်း တစ်ခုသာ ရှိတယ်။ ခန္ဓာချမ်းသာချင်လို့ ကျန်းမာချင်လို့ဆိုပြီး မေတ္တာပို့ကြ။

မေတ္တာပို့ရင်းက အသြောင်းအနိုင်အစက်ခံရ။ နောက်မကြာခင် အမောအနိုပ်အစက်ခံရ၊ မြင်ကြရဲ့လား? … သူ့အတွက် ကျန်းမာအောင်၊ ချမ်းသာအောင်လို့ မေတ္တာပို့ရင်းက နှိပ်စက်နေတာ။ ဒါကို မြင်အောင် ကြည့်ကြ၊ နှိပ်စက်တာမြင်အောင် ကြည့်ပေးကြ။ သဘောပေါက်ကြပြီလား? …. နှိပ်စက်တာမြင်ရင် နှိပ်စက်ပြီ၊ နှိပ်စက်ပြီ၊ နှိပ်စက်ပြီလို့ ရှုပေး။ နှိပ်စက်တိုင်း ရှုရှုပေး။

လက်ရှိ ခန္ဓာမခင်အောင်၊ ခင်ဖောပြတ်အောင် ရှုပေးကြရမယ်။ လက်ရှိခန္ဓာ မခင်မှ၊ နောက်ခန္ဓာမလာမှာ။ သဘောပေါက်ကြပြီလား? …နောက်ခန္ဓာမလာမှ ဒုက္ခချုပ်မှာ ရှင်းကြပြီလား?

(မိုးကုတ်ဆရာတော်ကြီး)

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com



မွေးလာလို့ ဒီဘဝရလို့ ဒီခန္ဓာငါးပါးတည်းဟူသော ဒုက္ခသစ္စာကြီးကို ကြောင်တောင် မမြင်နိုင်ကြလို့ ဒုက္ခတွေ့နေကြတာ။ မွေးနေ့ကိုပဲ အမွှမ်းတင်ပြီး ပွဲကြီးပွဲလမ်းတွေ လုပ်နေလိုက်ကြတာ။ ငါမနှစ်မြို့လိုက်တာ။

(တောင်ပုလုဆရာတော်ဘုရားကြီး)

★ ★ ★

★ ဆင်းရဲခြင်းဒုက္ခဝေဒနာကို ခံနေရသော ယောဂီပုဂ္ဂိုလ်တို့သည် ဆင်းရဲခြင်းဒုက္ခဝေဒနာမှ လွတ်မြောက်၍ ချမ်းသာသုခကို လိုချင်တောင့်တနေသော လောဘတဏှာများလည်း ဖြစ်နေတတ်ကြပေသည်။

ထိုအခါ ဆင်းရဲခြင်း ဒုက္ခဝေဒနာကို ပယ်နုတ်သကဲ့သို့ လွှမ်းမိုးအောင် ရှုမှတ်လိုက်သည်ရှိသော် ယင်းတဏှာကို ပယ်သတ်ခြင်းကိစ္စလည်း ပြီးသွားပါသည်။

တဏှာကို ပယ်သတ်ခြင်းကိစ္စ ပြီးသွားသောကြောင့် ပဋိသန္ဓေ သမုဒ္ဒယ စက်ရဟတ်လည်း မလည်ပတ်နိုင်တော့ပါဘဲ ပြတ်သွားလေသည်။

(သဒ္ဓမ္မရံသီရိပ်သာဆရာတော်)

★ ★ ★





★ လူတွေဟာ တရားတယ်သတိမရကြဘူး။ ဒါပေမယ့် ကြောက်စရာ၊ ထိတ်စရာတွေ ကြုံတဲ့အခါ တရားဘက် ရောက်လာကြတယ်။ ဒါဟာ သဘာဝအတိုင်းပေါ့လေ။

(အရှင်ဝါသေဌာဘိဝံသ)



www.burmeseclassic.com

www.burmeseclassic.com

## အသိအလိမ္မာ ဉာဏ်ပညာ

* ဆုံးမချင်သူ....သဲလုံးအမှု ရပါစေ....

ဟု ရှင်ရာဟုလာ နှလုံးသွင်းသည်။

သာမဏေငယ် ဆုံးမသော်လည်း နားထောင်မည်ဟု ရှင်သာရိပုတ္တရာ နှလုံးသွင်းသည်။ အပြစ်ပြဆုံးမသူကို ရွှေအိုး ပေးသူဟု ဆည်းကပ်ရမည်။

ယန်းဘဲဆရာ အထုမခံရသော သံတုံးလက်နက်အဖြစ်သို့ မရောက်။ ကျောက်ဆစ်ဆရာ အဖြတ်မခံရသော ကျောက်တုံး။ အရုပ်အဖြစ်သို့ မရောက်။

ဆရာကောင်း အဆုံးအမ မခံသော တပည့်၊ သူတော်ကောင်း မဖြစ်။

(ပထမရွှေကျင်ဆရာတော်ဘုရားကြီး)

ooo





ပညာမရှိရင် ခေါင်ထိမိုက်တဲ့သူ ဖြစ်တတ်တယ်။ အရာရာမှာ အသိမရှိဘဲ ဖြစ်မယ်။ ဒါကြောင့် ပညာရှိအောင် ကြိုးစားပါ။ ဒါမှ အရာရာသိမယ်။

လိမ်လိမ်မာမာနဲ့ အရာရာမှာ ပညာရှေ့သွားပါစေ။

(အရှင်ဝိသုဒ္ဓါစာရ)
မန္တလေးအနောက်ပြင်
မဟာဝိသုဒ္ဓါရုံတိုက်သစ်ဆရာတော်ကြီး

ooo

စာထဲပေထဲ ပါတဲ့အတိုင်း မှတ်သားထားတာက သညာပဲ။ ဒါ ပညာ မဟုတ်ဘူး။ အမှတ်သညာကောင်းတဲ့ ပုဂ္ဂိုလ်မှာ အကတည်းက အမှတ်သညာက ပြည့်စုံပြီးသားပဲ။

သူနဲ့အတူတကွ ဖြစ်တဲ့စိတ်၊ စေတသိက်၊ ရုပ်နာမ်တွေ အဲဒီလို ပြည့်စုံပြီးသားပါ။ ဒါပေမယ့်လို့ အဲဒါ ကိုယ်တိုင်သိတာ မဟုတ်ပါဘူး။ စာထဲကပါတဲ့အတိုင်း မှတ်ထားလို့သိတာ။

(မဟာစည်ဆရာတော်)

ooo



www.burmeseclassic.com

www.burmeseclassic.com



✳ လောကကြီးသည် မိမိ၏ ဆရာဖြစ်၏။ ကြည့်တတ်လျှင် မြင်၏။ မကြည့်တတ်လျှင်ကား မမြင်နိုင်ပေ။ အသုဘ အလောင်းကောင်အနီး ရောက်နေသော်လည်း ယူတတ်မှရသည်၊ မယူတတ်လျှင် အချည်းအနှီးသာ။

အသုဘ ဘာဝနာပွားခြင်း၊ မရဏာဿတိ ဘာဝနာပွားခြင်းဖြင့် မသာအနားမှပင် ပညာရနိုင်၏။ တရားတိုးနိုင်၏။

(အရှင်ဝါသေဋ္ဌာဘိဝံသ)
သပြေကန်ဆရာတော်ကြီး

○○○

✳ သီလ သမာဓိသည် စရဏာမျိုးတည်း။ ပညာသည် ဝိဇ္ဇာမျိုးတည်း။ ဝိဇ္ဇာ စရဏာနှစ်ပါးဖြစ်၏။ ဝိဇ္ဇာသည် လူသတ္တဝါတို့၏ မျက်စိနှင့်တူ၏။ စရဏာသည် ခြေလက်နှင့်တူ၏။

ဝိဇ္ဇာသည် ငှက်တို့၌ မျက်စိနှင့်တူ၏။ စရဏာသည် အတောင်နှင့် တူ၏။

သီလသမာဓိနှင့် ပြည့်စုံ၍ ဝိဇ္ဇာဉာဏ်ချို့တဲ့သောသူတို့သည် ခြေလက်အင်္ဂါနှင့်ပြည့်စုံ၍ မျက်စိနှစ်ဖက်ချို့တဲ့သောလူနှင့်တူ၏။

ဝိဇ္ဇာဉာဏ်နှင့်ပြည့်စုံ၍ စရဏာအားနည်းလှသော သူတို့သည် မျက်စိအင်္ဂါနှင့် ပြည့်စုံ၍ ခြေလက်အင်္ဂါ ချို့တဲ့သောသူနှင့် တူကုန်၏။



ဝိဇ္ဇာ၊ စရဏာနှစ်ပါးနှင့် ပြည့်စုံသောသူတို့သည် ခြေလက်အင်္ဂါ၊ မျက်စိအင်္ဂါ အလုံးစုံနှင့် ပြည့်စုံသော လူကောင်းသူကောင်း ဟတ်တိနှင့် တူကုန်၏။

ဝိဇ္ဇာ၊ စရဏာနှစ်ပါးမှ ချို့တဲ့သော သူတို့သည် ခြေအင်္ဂါ လက်အင်္ဂါ အကုန်ချို့ကုန်၍ အသက်ရှိသည်ဟူ၍ မပြောစလောက်သောသူနှင့် တူကုန်၏။

(လယ်တီဆရာတော်ဘုရားကြီး)

○○○

ရေကန်၌ မှော်ကိုဖယ်၍ သောက်ရေကို ခပ်ရ၏။ မသူတော်၌ အပြစ်ဖယ်၍ ဂုဏ်ကောင်းရှာရ၏။

တုံးတံတား လျှောက်စဉ် အရပ်တစ်ပါး မကြည့်နှင့်။ မြောက်သို့ ကျတတ်၏။

သံသရာတံတားလျှောက်စဉ် အရပ်တစ်ပါးမကြည့်နှင့်။ သံသရာချောက် ကျတတ်၏။

(ဘဒ္ဒန္တစာဂရ)
ပထမရွှေကျင်ဆရာတော်ဘုရားကြီး

○○○

www.burmeseclassic.com

www.burmeseclassic.com



တချို့ စာပေတွေ အလေ့အလာများလို့ စာပေတတ်နေတဲ့ ပုဂ္ဂိုလ်တွေက စဉ်းစားရုံနဲ့ သိတယ်လို့ အောက်မေ့နေတာ၊ စဉ်းစားရုံနဲ့ သိတာကတော့ သညာနဲ့ မှတ်သားပြီး သိတာပဲ။ ကိုယ်တိုင် အမှန်အကန်အတိုင်း တွေ့ရပြီး သိတာမဟုတ်ပါဘူး။

(မဟာစည်ဆရာတော်ကြီး)

○○○

မသိဘူးဆိုတာ ဘယ်ကောင်းမှာလဲ။ ဖျင်းတာပဲပေါ့။ သဗ္ဗညုတဉာဏ်တော်ကြီးမှာ ဘာမှ မသိတာမရှိဘူး။ အားလုံးကို သိတာပဲ။

(ပြည်မြို့၊ ဓာတိကာရုံဆရာတော်ကြီး)

○○○

စာပေများ၌ နားမလည်သော အဓိပ္ပာယ်ပါရှိခြင်းမှာ နားမလည်အောင် အရေးညံ့ခြင်း၊ ရေးသူကိုယ်တိုင် နားမလည်ခြင်း ကြောင့်သာ ဖြစ်ရလေသည်။

(အရှင်အာဒိစ္စဝံသ)

○○○





ဉာဏ်မျက်စိ ပွင့်လင်းလာဖို့ရာ သန့်ရှင်းမှု၊ သပ်ရပ်မှု၊ ဘိတ်ဆိတ်ငြိမ်သက်မှုတို့ဟာ အင်မတန် လိုအပ်ပါတယ်။

(ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်)

○○○

ရဟန်းရှင်လူ မည်သူမဆို ဟုတ်တိုင်းမှန်စွာ သိရှိဖို့ လိုအပ်ပါသည်။ "ယထာဘူတံဉာဏယသတ္တာပရိယေသိတဗ္ဗော" ရဟန်းဖြစ်စေ၊ လူသားများဖြစ်စေ၊ အမှန်တရားကို သိရှိဖို့ရန်အတွက် ဆရာကောင်း ရှာသင့်ကြပါသည်။ တွေ့ရှိသောအခါ ဆရာကောင်းထံ ကျမ်းဂန်နှင့် ညီညွတ်သော နည်းလမ်းကျင့်ကြံဖွယ်တို့ကို မှတ်သားနာယူပြီးသောအခါ သိရုံနှင့် ရပ်တန့်မနေဘဲ လက်တွေ့ကျင့်သုံးတတ်ရမှာ ဖြစ်ပါသည်။ အားလုံးသော သတ္တဝါများသည် သံသရာမှာ ရှည်ကြာစွာ ကျင်လည်ပြီး အမျိုးမျိုးသော ဘေးဒုက္ခတွေနှင့် တွေ့ကြုံ၍ နေကြရခြင်းမှာ သစ္စာလေးပါး အမှန်တရားကို ဟုတ်မှန်သည်အားလျော်စွာ အကြောင်းအကျိုးအခြေခံနှင့် ဟုတ်မှန်သည့်အတိုင်း မသိကြခြင်းကြောင့်သာ ဖြစ်ပါသည်။ သစ္စာလေးပါး အမှန်တရားကို ဟုတ်တိုင်းမှန်စွာ သိကြပါလျှင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြ၍ နိဗ္ဗာနသုခ ငြိမ်းအေးမှု ချမ်းသာသို့ ရောက်ကြမည်သာဖြစ်ပါသည်။ သိအောင်ပြုလုပ်မှ သိလာမှာဖြစ်၍ သိလာသောအခါ လက်တွေ့ကျင့်သုံးရမှာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



❀ မသိလျှင်တွယ် သိလျှင်ပြယ်သည်။ တွယ်လျှင်လည်း ဘေး။ ပြယ်လျှင်လည်း အေးသည်။ မသိက တပတ်ပတ်၊ သိမှ အပြီးသတ်သည်။ မသိအစ သိကအဆုံး ကိစ္စတုံးသည်။ လယ်လုပ်မခက်၊ လယ်တည်ခက်သည်။ အကျွင့်မခက်၊ အသိခက်သည်။ သူတော်မခက်၊ ပညာရှိခက်သည် လို့ ရှေးပညာရှိများ မိန့်ဆိုထားပါသည်။

(ပခုက္ကူအရှင်ကောသလ္လ)
မြသိန်းတန်ကျောင်းတိုက်
ပုစွန်တောင်မြို့နယ်

၀၀၀

❀ ပတ္တမြားတွင်းထွက်မှန်သော်လည်း ကျောက်သွေးဆရာ အကာကုန်အောင်သွေးမှ အရောင်တောက်တယ်။

ကျောက်ဆင်းတုသော်လည်း ကျောက်ဆစ်ဆရာ ထုနိုင်ဆစ်နိုင်မှ အနေကဇာတင် ခံရတယ်။

သဒ္ဓါပညာ ဗဟုသုတ ရှိသော်လည်း အဆုံးအမ အနှံ့အရာ ခံရမှ အရသာ ရှိတယ်။ ဂုဏ်ရောင်တောက်တယ်။ မြတ်နိုးခံရတယ်။

(ပထမဈေးကျောင်းဆရာတော်ကြီး)

၀၀၀





❀ အဆိုးထဲမှာ၊ အကောင်းရှာ၊ ချမ်းသာတွေ့နိုင်ပေ။
မရှာတတ်လျှင်၊ သုခပင်၊ စွမ်းအင်ရှုံး၍ ဆင်းရဲစေ။

(တိပိဋက ယောဆရာတော်ကြီး)

၀၀၀

❀ သရဏဂုံ (၃)ပါး ဆင်ခြင်ပွားနေရင် သမာဓိဖြစ်တယ်။

(ဆရာတော်ကြီး ဘဒ္ဒန္တသာသန)
အထက်မင်းလှ၊ ဓမ္မိကတောရ

၀၀၀

❀ စာသင်တိုက်ဆိုတာ စာသံပေသံ နေ့ရောညဥ့်ပါ မဆိတ်မှ စာသင်တိုက်မည်တယ်။

(ပြည်မြို့၊ ဓောတိကာရုံဆရာတော်ကြီး)

၀၀၀

❀ ပညာရှိဟူသည် ပညာနှင့်ဆိုင်ရာ လူ့လိမ္မာအလုပ်ကို လုပ်မှ ပညာရှိဆိုရ၏။ သို့မဟုတ် ပိဋကတ်သုံးပုံကို ဆောင်စေကာမူ လူမိုက်အလုပ်ကို လုပ်ကိုင်လျှင် လူမိုက်ဟုပင် ဆိုရသည်။ မှန်လျှင် "ကမ္မုနာ ဝဋ္ဋော လောကော" ဟု ဘုရားဟော ရှိလေသည်။

(အရှင်အာဒိစ္စဝံသ)

၀၀၀



www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်နှုတ် စိတ်ထားများကို ပညာမှန်ပြင်တွင် တင်ကာ ကောင်း,မကောင်းကြည့်၍ မကောင်းလျှင် ကောင်းအောင် ပြင်ပေးရသည်။

(သပြေကန်ဆရာတော်ကြီး)

ဝဝဝ

တိရစ္ဆာန်ဘုံမှာ အသိဉာဏ် မရှိပေဘူး။ အသိဉာဏ်၏ အတိမ်အနက်ကို တိုင်းတာမယ့် ကိရိယာလည်း မရှိပေဘူး။

လူသားဘုံမှာ အသိဉာဏ်ရှိပေတယ်။ အသိဉာဏ်ရဲ့ အတိမ်အနက်ကိုလည်း သိပေတယ်။ အသိဉာဏ်ရဲ့ အတိမ်အနက်ကိုလည်း တိုင်းတာနိုင်ပေတယ်။ တိုင်းတာတဲ့ ကိရိယာဟာ ဆင်ခြင်တုံဆိုတဲ့ ပညာပေပဲ။

သည်တော့ကာ -

* ဆင်ခြင်တုံဆိုတဲ့၊ ပညာနဲ့ လောဘကို ထိန်းကြ။
* ဆင်ခြင်တုံဆိုတဲ့၊ ပညာနဲ့ ဒေါသကို ထိန်းကြ။
* ဆင်ခြင်တုံဆိုတဲ့၊ ပညာနဲ့ မောဟကို ထိန်းကြ။
* ဆင်ခြင်တုံဆိုတဲ့၊ ပညာနဲ့ မာန်မာနကို ထိန်းကြ။
* ဆင်ခြင်တုံဆိုတဲ့၊ ပညာနဲ့ ပညာ၊ ရာထူး၊ ဂုဏ်သတင်း၊ အောင်မြင် ကျော်ကြားမှု၊ ဥစ္စာပစ္စည်း၊ အခွင့်အရေးတို့ကို ရှာကြ။





* ဆင်ခြင်တုံဆိုတဲ့၊ ပညာနဲ့ဖြစ်ခြင်း၊ ပျက်ခြင်းကို သိကြ။
* ဆင်ခြင်တုံဆိုတဲ့၊ ပညာနဲ့ အားထုတ်ခြင်းအမှုကို တန်ဖိုးရှိရှိ ပြုကြ။

ဤသို့ ဆိုပါမှ...

လောကီ လောကုတ္တရာမှာ ဆိုးကျိုးဟူသမျှ ကင်းစင်ပြီး ကောင်းကျိုးအဖြာဖြာကို ပြည့်ဝစွာ ခံစားကြရပေမည်။

(အရှင်နေမိန္ဒမွေဇိန္ဒာ)
နေမိန္ဒရ မွေအေးရိပ်စခန်း

ဝဝဝ

ယနေ့ ခေတ်ကြီးမှာ နေရာတကာ ဝေဖန်ရေးဆရာတွေ သိပ်ပေါတယ်။ ဒါပေမယ့် ဝေဖန်မှု တစ်ခုသာရှိပြီး ယုံကြည်မှု သဒ္ဓါတရားမပါလျှင် မိစ္ဆာသဘောတွေ ကိန်းနေတတ်တယ်။

ယုံကြည်မှု သဒ္ဓါတရားလည်း အားကောင်းတယ်။ ချင့်ချိန် ဝေဖန်မှု အသိဉာဏ်ပညာလည်း ကြွယ်ဝတယ်။ အဲဒီလို သဒ္ဓါ၊ ပညာ နှစ်ဖြာမျှတဲ့ ပုဂ္ဂိုလ်မျိုးဖြစ်ဖို့ အရေးကြီးပါတယ်။

(ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မာစရိယ)

ဝဝဝ



www.burmeseclassic.com

www.burmeseclassic.com

ပညာမရှိ၊ အသိကင်းကွာ၊ (ရတာနာ)။

ရှိတာသော်မှ ရှုံးရသည်ဆိုတဲ့အတိုင်း အသိပညာများကင်းတော့ လူ့ဘဝ၏ ကြွယ်ဝမှုတွေဟာ (ရတာနာ)မဟုတ်တော့ဘဲ နာကြည်းစရာတွေ၊ (ရတာနာ)တွေ ဖြစ်ကုန်ပြီး လုပ်ပိုင်ခွင့်၊ ခံစားပိုင်ခွင့်တွေ အကုန်လုံး ဆုံးရှုံးတော့တာပါပဲ။

ငါ့ဘဝ ရတာနာလိုက်တာ။ ၈၇-ကုဋေသော ချမ်းသာကြွယ်ဝမှုတွေက အခုတော့ ငါ့ကို ခွေးဖြစ်အောင် လုပ်လိုက်ကြပြီလို့ မပြောသော်လည်း ပြောစရာ ဖြစ်ခဲ့ပြီ။ ဒီကြွယ်ဝမှုတွေကို စွဲလမ်းမိတာကြောင့် အခုတော့ ဒေယျပုဏ္ဏားကြီး သူဌေးကနေ တစ်ဖက်မြင် ပညာသာမက လောကီ၊ လောကုတ္တရာ၊ ပစ္စုပ္ပန် တမလွန် နှစ်ဖက်မြင် ပညာဟာ သိပ်လိုအပ်တယ်ဆိုတာ သဘောပေါက် နားလည်ထားကြဖို့ လိုပါတယ်။

(တိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတ၊
ယောဆရာတော်ဓမ္မပုံပြင်များမှ)





ဟုတ်သောအကြံ
မှန်သောအကျင့်
သင့်သောအယူ
ဖြူသောနှလုံး
သူတော်ထုံးကို
စွဲသုံးသောတွေ၊ မှန်လှစေ။

(ရှင်မဟာရဋ္ဌသာရ)

ဖတ်ပြန်သော်ကား၊ ဖန်ဖန်များက၊ သားမယားပင်၊ မိုက်မှားခဲ့စွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည့်၊ နားမှာမဝင်၊ မသိမြင်က၊ သမင်ကျွဲနွားတောင်သူလားသို့၊ မပွားပညာ၊ မလိမ္မာပဲ၊ မိစ္ဆာစိတ်ရိုင်း၊ ထူးထိုင်းမှိုင်းသည်၊ ရိုင်းစိုင်းတောင်သူ၊ မိလက္ခုနှင့် တူလိမ့်မည်။

(ရှင်မဟာရဋ္ဌသာရ)

www.burmeseclassic.com

www.burmeseclassic.com



❀ ပညာရှိမှ၊ ဖွမ်းအားယူ၊ တော်သူခေါ်ရပါ၊ သဒ္ဓါရှိသူ၊ စိတ်ကြည်ဖြူ၊ ကောင်းသူခေါ်ရပါ။ တော်လဲတော်စေ၊ ကောင်းပါစေ၊ နှစ်ထွေညီမှသာ။ ကောင်းကျိုးသုခ၊ အစုံရ၊ မုချမြဲသေချာ၊ တော်လည်းတော်ဖို့၊ ကောင်းလာဖို့၊ သင်စို့ ဘိဓမ္မာ။

(တိပိဋကဓရ အရှင်သိရိန္ဒာဘိဝံသ)

၀၀၀

❀ ပညာကို ဘယ်လူဆိုးတို့ ယူနိုးလို့ ပါပါ့မယ်။ အသိရယ်၊ အလိမ္မာနှင့်၊ ဥစ္စာဘယ်သူကျလိမ့်၊ လောကလူ၀ယ်၊ သိကြားမြင်လုံလောက်က၊ မျက်မှောက်ကယ် သည်ကိုယ်၀ယ်၊ ရလွယ်၏ ခင်ပွန်း၊ တမလွန်နောင်ခါတောင့်၊ မြိုက်ချမ်းသာ ပိုမိုမြင့်၊ ကဲဆင့်တောက်ထွန်း။

(စဉ့်ပါဆရာတော်ကြီး)



## လောဘ ဒေါသ မောဟ ဟောပြချက်

❀ အဝိဇ္ဇာနဲ့ နေတယ်ဆိုတာ၊ ဘာတွေနဲ့ နေတုန်းဗျာ။

(လောဘ၊ ဒေါသ၊ မောဟတွေနဲ့ပါဘုရား)

လောဘဆိုတာ ဘာတုန်း? (လိုချင်တာပါဘုရား)

လောဘဆိုတာ နှစ်သက်စုံမက်နေသမျှပေါ့ဟယ်။ အဲဒီ လိုချင်မှု၊ နှစ်သက်မှု၊ လောဘစိတ်နဲ့ သေရင် ပြိတ္တာဖြစ်တတ်တယ်ဆို မဟုတ်လား။

ဒေါသဆိုတာကော...(ရန်ဖြစ်တာပါဘုရား)

ရန်ဖြစ်ရင် ဒေါသလို့ပဲ ပြောကြတယ်။ ဒေါသဆိုတာ ရချင်တာလည်း မရ၊ ရပြန်တော့လည်း မလို။ နှစ်သက်မှု မဖြစ်သမျှ ဒေါသ။ အဲဒီ ဒေါသစိတ်နဲ့ သေရင် ငရဲရောက်တတ်တယ်။

မောဟဆိုတာ ဒါနမှု၊ သီလမှု၊ ဘာဝနာမှု မသိတဲ့စိတ်။ အဲဒီမောဟစိတ်နဲ့သေရင် တိရစ္ဆာန် ဖြစ်တတ်တယ်။

(သေဘုဆရာတော်ကြီး)





www.burmeseclassic.com

www.burmeseclassic.com



❀ မိမိ သူတစ်ပါး နှစ်ဦးသားတို့ကို ပူစေတတ်သောကြောင့် ဒေါသမည်၏။ ထိုဒေါသသည်၊ မိမိ သူတစ်ပါး နှစ်ဦးသားကို လောင်ကျွမ်းတတ်၏။ မိမိ သူတစ်ပါး အကျိုးများကို လိုလားသော သူသည် ခပ်သိမ်းသောသူတို့အပေါ်၌ ဒေါသတရားကို ပယ်ရှားရ၏။

(သင်္ဂဇာဆရာတော်ဘုရားကြီး၊ အရှင်အဂ္ဂဓမ္မ)

○○○

❀ ပစ္စည်းဥစ္စာဆိုတာ တကယ်တော့ အနှစ်သာရတွေ မဟုတ်ဘူး။ အကာတွေ၊ အကာတွေ၊ အကာတွေ။ ဒါကြောင့် လွန်ခဲ့တဲ့ ငယ်ငယ်တုန်းက ပစ္စည်းတွေ ရှိသေးလား။ မရှိဘူး။ တော်တော်အရွယ်တုန်းက ပစ္စည်းတွေ ရှိသေးလား။ မရှိဘူး။ မနှစ်က ပစ္စည်းတချို့တောင် ဒီနေ့ မရှိတော့ဘူး။ ဒါ အနှစ်သာရ မရှိဘူး ဆိုတာ ထင်ရှားတယ်။

(သပြေကန်ဆရာတော်ကြီး)







❀ မောဟက မသိတာ။
ဒိဋ္ဌိက အမှားသိတာ။
မောဟ ရိုးရိုးမသိတာ။
မိစ္ဆာဒိဋ္ဌိက မှားတာချည်းကို အမှန်ထင်ပြီးတော့ သိတာ၊ သူက ပိုဆိုးတာပေါ့။

(ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော်ကြီး အရှင်သေဋ္ဌိလ)

○○○

❀ (ခွေးကိုရန်မူ၊ ဟောင်သောသူ၊ ဟောင်သူလည်းခွေး၊ ခွေးလည်းခွေး)

စောင့်ထိန်းရမှန်းမသိ။ "ထစ်"ခနဲရှိလျှင် အမျက်ထွက်လေ့ရှိသောသူသည် အရေးပါသောကိစ္စ ဆောင်ရွက်ရာတွင် အသုံးမကျ အရာမရောက် ဖြစ်တတ်၏။

ထိုသူမျိုးကို အရေးတကြီးကိစ္စတွင် အသုံးမပြုအပ်၊ ကြဉ်အပ်၏။

အမျက်များသော ဝါးကို လူမသုံး။
ဒေါသများသော လူကို လူနတ်မုန်းသည်။
ကိုက်တတ်သောခွေး ဘေးတွေ့များသည်။
ပုဆိုးအသားကောင်းပေ၏။ အရောင်မရှိသောကြောင့် ရောင်းပန်းမပွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com

လူမျိုးကောင်းပေ၏။ ဒေါသထန်သောကြောင့် လူပေါင်း မသင့်။

(မောင်းထောင် ဆရာတော်ကြီး)

○○○

မာရ်နတ်လို မယုတ်မာနဲ့၊
ဒေဝဒတ်လို အဖျက်အားမထုတ်နဲ့၊
အဇာတသတ်လို လူပေါင်းမမှားနဲ့၊
ဒဿဂီရိလို အချစ်မကြီးနဲ့။

(ဦးကောသလ္လ)
ယခင် ချစ်စရာစာစောင်ပိုင်ရှင်





မနာလိုကင်း၊ ဝန်တိုရှင်း၊
လက်ငင်းချမ်းသာကြရမည်။
အကုသိုလ်များ ရှောင်ရှားပယ်လေ၊
ကုသိုလ်တရား ဖြစ်ပွားစုံစေ၊
မိမိစိတ်ဓာတ် ဆွတ်ဆွတ်ဖြူစေ၊
ဤသုံးပါး ဘုရားဆုံးမပေ။
အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်အသင့် ရောက်ပါစေ။
ထိုဉာဏ်ဖြင့်လည်း၊ မတော်ဘဲ၊ ဆင်းရဲငြိမ်းပါစေ။
ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ဖယ်ရှားနိုင်ပါစေ။
ရာဂ၊ ဒေါသ၊ မောဟတဖြာ
ဖြစ်၊ အို၊ သေရေး၊ ပူဆွေးငိုကာ၊
ကိုယ်၊ စိတ်၊ ဒုက္ခ၊ ပူရပြင်းစွာ၊
မြင်၊ ကြား၊ သိတိုင်း၊ မဆိုင်းမှတ်ပါ၊
ရုပ်နာမ်မမြဲ၊ ချမ်းရဲချမ်းသာ။
ငါကောင်လည်းပျောက်၊ မျက်မှောက်မြင်ကာ၊
ဆယ့်တစ်သီး၊ ဤမီးငြိမ်းစေရာ။

(မဟာစည် ဆရာတော်ဘုရားကြီး)

○○○



www.burmeseclassic.com

www.burmeseclassic.com



❀ တိရစ္ဆာန်များ၌ မနာလိုခြင်း၊ ဝန်တိုခြင်း၊ လောဘ၊ ဒေါသ ကြီးခြင်းများ လွန်ကဲလျက်ရှိရာ ထိုစိတ်မျိုးတွေပါးအောင်၊ နည်းအောင် ပြုခြင်းအားဖြင့် တိရစ္ဆာန်နှင့်မတူ လူအဆင့်အတန်းမီအောင် ကြိုးစားသင့်ပေသည်။

(သပြေကန်ဆရာတော်ကြီး)

ooo

❀ လောဘ၊ ဒေါသ ဆိုသည် အကုသိုလ်တရားချည်းပင် ဖြစ်၏။ လောဘဖြစ်ခြင်းသည် ဒေါသဖြစ်ခြင်းနှင့် နှိုင်းစာလျှင် တော်သေး၏။ လောဘဖြစ်ခြင်း ပစ္စည်းရပြီး လူချစ်လူခင် ရှိတတ်သေး၏။ ဒေါသဖြစ်ခြင်းက ပစ္စည်းမရသည့်အပြင် လူမုန်းခံရတတ်၏။

(ဆရာတော်ကြီး၊ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ)

ooo

❀ ထမင်းအိုးနှင့် ပက်၍....
ရန်မဖြစ်ပါနှင့်။

(ပထမစံကျောင်းဆရာတော်)

ooo





❀ ဒေါသဟူသည် အဘယ်အကြောင်းကြောင့် ဖြစ်သနည်း။ ဟူမူကား၊ အနိဋ္ဌာရုံကြောင့် ဖြစ်၏။ အနိဋ္ဌာရုံဟူသည်လည်း ရူပါရုံ၊ သဒ္ဒါရုံ စသော အာရုံခြောက်ပါးကြောင့်ပင်တည်း။

(မောင်းထောင်ဆရာတော်ကြီး)

ooo

❀ လောဘ၊ ဒေါသ၊ မီးတောက်က၊ ဒုက္ခများသည်သာ။
ဒေါသကိုသိမ်း၊ မီးငြိမ်း၊ ကိန်းသေချမ်းသာရာ။

(အဘိဓမ္မမဟာရဋ္ဌဂုရု၊ ရွှေကျင်နိကာယဥက္ကဋ္ဌ)
ရွှေဟင်္သာဆရာတော်ကြီး

ooo

❀ ဒေါသခက်ထန်လျှင်၊
ပစ္စုပ္ပန်သံသရာ နှစ်ဖြာရှုး၍ စုံးစုံးနစ်၏။

(လုံးတော်ဆရာတော်ကြီး)

ooo



www.burmeseclassic.com

www.burmeseclassic.com



❀ အကြောင်းမဲ့ ငါမကြိုက်တာနဲ့ မလုံလောက်ဘူးဆိုပြီး မကျေနပ်တဲ့ သူတွေကို ကျေနပ်အောင် ကျွန်ုပ်လုပ်ဖွယ် မရှိတော့။

(အရှင်အာဒိစ္စဝံသ)

○○○

❀ မစူးစမ်း မဆင်ခြင်ဘဲ မပြောပါနှင့်၊ မလုပ်ပါနှင့်။ အမြဲ သတိထားပါ။

(ရွှေဂူဆရာတော်ကြီး)

○○○

❀ လောဘ၊ ဒေါသ၊ မောဟာသူပျက်၊ နေ့တိုင်းဖက်၍၊ အမျက်လည်းလွန်၊ တဖျင်သန်လျှင်၊ ပြေးလွန်ဖင်ဖင်၊ အာရုံမြင်က၊ ခင်ခင်မွတ်မွတ်၊ လိုက်တုံတတ်သား၊ ထူးပွတ်မဆိုင်း၊ စိတ်ဆင်ရိုင်းကို၊ သုံးပိုင်မချာ၊ ယဉ်စိမ့်ငှာလျှင်၊ ပညာထိန်း၍ မှိန်းစေမင်း။

(ကန်တော်မင်းကျောင်းဆရာတော်)

○○○





## အကျင့်အကြံမှန်ရန်

❀ ရှေးရိုးအစဉ်အဆက်ကို မဖျက်စီးစကောင်း။ (ပဝေဏိအဝိနာသေတဗ္ဗာ) ဆိုသည့်အတိုင်း အစဉ်အလာကောင်းကို ထိန်းသိမ်းစောင့်ရှောက်ကြ။

(နဲ့ကြီးရွာလယ်ကျောင်း၊ ဆရာတော်ဘဒ္ဒန္တစာရိတ္တာဘိဝံသ)

○○○

❀ ဘုရားရှင် အလိုဆန္ဒတော်အတိုင်း မကျင့်ထိုက်၊ မကျင့်အပ်၊ မကျင့်ကောင်းသော အကျင့်များ မကျင့်ကြံဘဲ၊ ကျင့်အပ်၊ ကျင့်ထိုက်၊ ကျင့်ရမည့်တရားများကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြရပါမည်။

(ဆရာတော်ဘဒ္ဒန္တသောဘိတ)

ကျိုက်လတ်မြို့၊ ပန္နီမာရုံကျောင်းတိုက်

○○○



www.burmeseclassic.com

www.burmeseclassic.com



အကောင်း (ကြံ)
အမှန် (လုပ်)
ဟုတ်တာ (ပြော)
ယခု (လက်ရှိအချိန်) ထက်
(ကောင်းသောအချိန်) မရှိ။
လက်ရှိအချိန်ကို
(နိဗ္ဗာန်)အထိ အကျိုးရှိအောင်သုံးပါ။

(တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊
မင်းကွန်းဆရာတော်ဘုရားကြီး)

ooo

ဘုရားသာသနာတော်ကြီးနှင့် တွေ့ရကျိုးနပ်ဖို့ရန် စိတ်ကို အစဉ်အမြဲဖြူစင်အောင် ထိန်းထားပါ။

အရာရာ၌ သည်းခံပြီး၊ မိမိနှင့် အခြားသူများ ချမ်းသာပွားအောင် မေတ္တာထားပါ။

မှန်ကန်သော အကျင့်ကို မပြတ်မလပ် အားထုတ်ပါ။

ငါတို့ရဲ့ လမ်းစဉ်ကို နောင်လူငယ်တို့အား မီးရှူးတန်ဆောင်ဖြစ်စေခဲ့မည်ဟု အဓိဋ္ဌာန်ပြုထားပါ။

(ဆရာတော်ကြီး ဘဒ္ဒန္တဝိစယ)

ooo





ပြုမည်ကြံလည်း၊ သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ။
မိမိသူတစ်ပါး၊ နှစ်ဦးသား၊ ဘယ်သူများထိမည်လဲ။
ထိခိုက်နိုင်ငြား၊ အပြုများ၊ မမှားရှောင်ကြဉ်ပါ။

ပြုဆဲမှာလည်း၊ သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ။
မိမိသူတစ်ပါး၊ နှစ်ဦးသား၊ ဘယ်သူများ ထိမည်လဲ။
ထိခိုက်နိုင်ငြား၊ အပြုများ၊ မမှားရှောင်ကြပါ။

ပြုပြီးပြန်လည်း၊ သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ။
မိမိသူတစ်ပါး၊ နှစ်ဦးသား၊ ဘယ်သူများ ထိမည်လဲ။
ထိခိုက်နိုင်ငြား၊ အပြုများ၊ မမှားရှောင်ကြဉ်ပါ။

ပြောမည်ကြံလည်း၊ သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ။
မိမိသူတစ်ပါး၊ နှစ်ဦးသား၊ ဘယ်သူများ ထိမည်လဲ။
ထိခိုက်နိုင်ငြား၊ အပြုများ၊ မမှားရှောင်ကြဉ်ပါ။

ပြောဆဲမှာလည်း၊ သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ။
မိမိသူတစ်ပါး၊ နှစ်ဦးသား၊ ဘယ်သူများ ထိမည်လဲ။
ထိခိုက်နိုင်ငြား၊ အပြုများ၊ မမှားရှောင်ကြဉ်ပါ။

ပြောပြီးပြန်လည်း၊ သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ။
မိမိသူတစ်ပါး၊ နှစ်ဦးသား၊ ဘယ်သူများ ထိမည်လဲ။
ထိခိုက်နိုင်ငြား၊ အပြုများ၊ မမှားရှောင်ကြဉ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



✿ တွေးမည်ကြံလည်း၊ သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ။
မိမိသူတစ်ပါး၊ နှစ်ဦးသား၊ ဘယ်သူများ ထိမည်လဲ။
ထိခိုက်နိုင်ငြား၊ အပြုများ၊ မမှားရှောင်ကြဉ်ပါ။

✿ တွေးဆဲမှာလည်း၊ သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ။
မိမိသူတစ်ပါး၊ နှစ်ဦးသား၊ ဘယ်သူများ ထိမည်လဲ။
ထိခိုက်နိုင်ငြား၊ အပြုများ၊ မမှားရှောင်ကြဉ်ပါ။

✿ တွေးပြီးပြန်လည်း၊ သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ။
မိမိသူတစ်ပါး၊ နှစ်ဦးသား၊ ဘယ်သူများ ထိမည်လဲ။
ထိခိုက်နိုင်ငြား၊ အပြုများ၊ မမှားရှောင်ကြဉ်ပါ။

✿ ပြုဆဲမှာလည်း၊ သင့်စိတ်ထဲ၊ အမြဲဆင်ခြင်ပါ။
မိမိသူတစ်ပါး၊ နှစ်ဦးသား၊ ဘယ်သူများ ထိမည်လဲ။
ထိခိုက်နိုင်ငြား၊ အပြုများ၊ မမှားရှောင်ကြဉ်ပါ။
(ကာယကံ၊ ဝစီကံ၊ မနောကံ)

**ရာဟုလာကို ပေးသော ဩဝါဒ**
**(ချမ်းမြေ့ဆရာတော်ဘုရားကြီး)**

၀၀၀





✿ ဘုရားရှင်၏ ဒေသနာတော်အရ ဆုံးမခြင်း၊ ကံမြစ်ခြင်း၊ မသူတော်တရားမှ တားမြစ်ခြင်းကို သူတော်ကောင်း၊ သူမြတ်လောင်းများ နှစ်သက်မြတ်နိုးကြမည်ဖြစ်သော်လည်း သူယုတ်မာများ နှစ်သက်မြတ်နိုးကြမည် မဟုတ်ပေ။

✿ သို့ဖြစ်၍ ဆုံးမခြင်း၊ ကံမြစ်ခြင်း၊ မသူတော်တရားမှ တားမြစ်ခြင်းကို သူတော်ကောင်းပီပီ နှစ်သက်မြတ်နိုးကြရမည်။ သဘောကျကြရမည်။ ဆုံးမ ကံမြစ်သည့်အတိုင်း လိုက်နာ၍ ကျင့်ကြံရမည်။

**(ဆရာတော်ကြီး ဘဒ္ဒန္တသာသန)**

၀၀၀

✿ သောတာပန်ဖြစ်ရန် လွယ်သလားဟု လူရွယ်တစ်ဦး မေးခဲ့ဖူးသည်ကို ""ပြောရမှာ ခက်ပါတယ်""ဟု ဖြေဆိုခဲ့သဖြင့် မိမိမှာ တာဝန်မကျေသလို ခံစားခဲ့ရပါ၏။

ထို့ကြောင့် ထင်သည်လောက်လည်း မခက်ပါ။ ပြောသည်လောက်လည်း မလွယ်ပါဟု ရှင်းလင်းဖြေကြားလိုက်ပါသည်။

**(မုံရွာ၊ ဦးပညာ)**

၀၀၀



www.burmeseclassic.com

www.burmeseclassic.com



✿ လူတိုင်းနှင့် မတည့်သူ၊ လူတိုင်းနှင့် တည့်နေသူဟာ ခေါင်းဆောင်မပီသဘူး။ လူတိုင်းဟာ စည်းကမ်းမလိုက်နာနိုင်ဘူး။ စည်းကမ်းလိုက်နာသူနှင့် တည့်ပြီး မလိုက်နာသူနှင့် မတည့်မှ ခေါင်းဆောင် ပီသတယ်။

(ပြည်မြို့၊ ဓောတိကာရုံဆရာတော်ဘုရားကြီး)

ooo

✿ (၁) ငါးပါးသီလမြဲအောင်နေပါ။

(၂) ဘယ်အရာမဆို ငါဟု မစွဲပါနှင့်။ ဘယ်တော့မှ ကိုယ့်အလိုမလိုက်နှင့်။ သဗ္ဗေသင်္ခါရ အနိစ္စတဲ့။

(၃) မြတ်စွာဘုရား၏ ဂုဏ်တော်၊ ပရိတ်တော်၊ ပဋ္ဌာန်းများကို အချိန်ပြည့်ပွားပါ။

(၄) ဒါန၊ သီလ၊ ဘာဝနာအားကောင်းအောင် အမြဲပြည့်ပါ။

(၅) တနင်္ဂနွေထောင့်မှစ၍ တစ်ထောင့်လျှင် ၃-ပစ္စည်း ပဋ္ဌာန်းဒေသနာဖြင့် စည်းချ မေတ္တာပွားပါ။

(၆) မိဘနှစ်ပါးကို ရိုသေကြ၊ ရှိခိုးကြ။

(၇) အမဲသား၊ ကျွဲသားလုံးဝမစားနှင့်၊ ကျေးဇူးရှင်တွေ ဖြစ်သည်။

(၈) အသက်ရှည်ချင်လျှင် နွေခင်းပိုင်း မအိပ်နှင့်။ ထိုနံမိဒ္ဓ မဝင်အောင် အကျိုးရှိမည့် အလုပ်တစ်ခုခု လုပ်ပါ။





(၉) ကိစ္စတစ်ခုခုကို ဖြစ်အောင်လည်း မတောင့်တနှင့်။ မဖြစ်မည်ကိုလည်း မကြောင့်ကြနှင့်။ ပစ္စုပ္ပန် တည့်တည့်ကြည့်။

(၁၀) အကောင်းလောကဓံ၊ အဆိုးလောကဓံ သဘာဝဘေးဒဏ်ကို မလွှတ်ကင်းနိုင်ကြ။ ဒါကြောင့် မိမိနှင့် မျှတမည့် စိတ်ထား၊ နေထိုင်မှုဖြင့် နေပါ။ ချမ်းသာ လိမ့်မည်။

(၁၁) စိတ်ညစ်စရာ၊ ဝမ်း ဘနစရာတွေ့လျှင် မတုန်လှုပ်ပါနှင့်။ တစ်နေ့ ပျက်စီးရပေမည်။ အနိစ္စသဘောကို ဆင်ခြင်ပါ။

(၁၂) ယခုခေတ် အချဉ်ကို အချိုဖြစ်အောင်၊ အခါးကို အချိုဖြစ်အောင်၊ အငန်ကို အစိမ့်ဖြစ်အောင်၊ သဘာဝကိုပြင်ပြီး စားသောက်ကြတယ်။ အစားဆန်းလျှင် ရောဂါဆန်းမယ်။ အစားစုံလျှင် ရောဂါစုံမယ်။

(၁၃) မှန်မှန်စား၊ မှန်မှန်အိပ်၊ မှန်မှန်ပြော၊ မှန်မှန်ကြံစည်၊ မှန်မှန်လုပ်၊ မှန်မှန်ကြိုးစား၊ အေး····မမှန်ဘူး ဆိုလျှင်တော့ ပျက်ပြီ။

(၁၄) အသက်ရှည်ခြင်း၊ ချမ်းသာခြင်းသည် ကံ,ကံ၏ အကျိုးသာဖြစ်သည်။ ကောင်းကောင်းလုပ်လျှင် ကောင်းကောင်းဖြစ်မည်။ မဟုတ်တလုပ်လျှင် မဟုတ်တာ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၅) တိုက်တာတွေ ဘယ်လောက်ခမ်းနားထည်ဝါပြီး
ချမ်းသာနေပေမယ့် တစ်စစီဖြတ်လိုက်ရင်တော့ ဘာမှ
သုံးမရတော့ဘူး။ အလကားပဲ။

**(ဆရာတော်ကြီး ဘဒ္ဒန္တလာဘဝံသ)**

ဝဝဝ

❀ ကောင်းတာလုပ်၊ ဟုတ်တာပြော၊ မှန်တာကြံ၍ နေသော သူတို့အား ပြဿဒါးနေ့ဟူ၍ မရှိ။ ရက်ရာဇာနေ့ချည်းသာတည်း။ မကောင်းတာလုပ်၊ မဟုတ်တာပြော၊ မမှန်တာကြံ၍ နေသော သူတို့ အတွက်မူကား ရက်ရာဇာနေ့ဟူ၍ မရှိ။ ပြဿဒါးနေ့ချည်းသာပင်။ ရက်ရာဇာနေ့၌ ကြက်ဟင်းခါးသီးအား၊ စားသုံးငြားက၊ ချို၍မလာ၊ ခါးမည်သာတည်း။ ပြဿဒါးနေ့၌၊ သကြားလုံးကို၊ စားသုံးပါက၊ ခါး၍မလာ၊ ချိုမည်သာတည်း။

**(အရှင်ပရမ)**

**အထက်မင်းလှ၊ ရတနာကန်ကျောင်းဆရာတော်**

ဝဝဝ

❀ ကိုယ်ကိုယ်တိုင်သာ၊ ကိုယ်ဆရာ
ကိုယ်တိုင်သိ၍၊ မြှုပြင်လေ။

**(တိပိဋက၊ ယောဆရာတော်ကြီး)**

ဝဝဝ





❀ မင်းခေါင်းနဲ့ နံရံကို ဆောင့်ကြည့်တဲ့အခါ အုတ်နံရံနဲ့ ဆောင့်မိတာလား။ သစ်သားနံရံနဲ့ ဆောင့်မိတာလားဆိုတာ ကိုယ်တိုင်မသိနိုင်ဘူးလား။ အရိယာဖြစ်တယ်ဆိုတာ အလွန် ထင်ရှားတဲ့ကိစ္စ။

**(မြောင်းမြမြို့၊ ဟောမဝန်ဆရာတော်ကြီး)**

ဝဝဝ

❀ တရားသည် မှန်၏။ ထိုမှန်သောတရားကို ကျင့်ကြံအားထုတ်၏။

မိမိကျင့်တာမှန်မှ တရားထူးကို မှန်မှန်ကန်ကန် ရ၏။

ထိုသူသည် လောကီ အစီးအပွား၊ လောကုတ္တရာ အစီးအပွားတို့ကို မတောင့်တ၊ မကြောင့်ကြရပဲ ခံစား ရရှိကြကုန်၏။

**(အရှင်နေမိန္ဒ၊ ဓမ္မဝိဇ္ဇာ)**

**နေမိန္ဒ ဓမ္မအေးရိပ်စခန်း**

ဝဝဝ

❀ မိဘတို့ကို မွေးတုံ့မွေးလည်ပြုသော သားသမီးတို့သည် အမြတ်ဆုံး အနုဂါမိက ရွှေအိုးကို မြှုပ်နှံထားရသည် မည်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုရွှေအိုးကို ရန်သူမျိုး ငါးပါးတို့သည် ထုတ်ဖော်ဖျက်ဆီးခြင်းငှာ မတတ်နိုင်ကုန်။ အရိပ်ကဲ့သို့ အစဉ်တစိုက်လိုက်၍ လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုးကို ပေးနိုင်၏။ အကြင်အကြင်ဆုဏှိ တောင့်တ၍ ထိုထိုဆု အလုံးစုံကိုရ၏ ဟူ၍ နိမိကဏ္ဍသုတ်၌ ဘုရားအမိန့်တော်မြွက် ရှိသည်။

ထို့ကြောင့် သုတ္တနိပါတ်တွင် (မာတာပိတု ဥပဋ္ဌာနံ)ဟူ၍ မိဘကို လုပ်ကျွေးခြင်းသည် စည်းစိမ်ချမ်းသာ ကြီးပွားကြောင်း မင်္ဂလာဟူ၍ ဘုရားရှင် မိန့်တော်မူခြင်း ဖြစ်၏။

(အုတ်ဖို ဆရာတော်ကြီး၊ ဘဒ္ဒန္တဥတ္တမသမာလာ)

ဝဝဝ

စိတ်ဆိုးဖွယ်ရာ၊ တွေကြုံရာ၊ လျှင်စွာမဆိုးရာ။
လျှင်စွာစိတ်ဆိုး၊ ထိုလူမျိုး၊ အကျိုးယုတ်တတ်ပါ၏။
စဉ်းစဉ်းစားစား၊ ပြုသူကား၊ အများနည်းတတ်ပါ။
ခိုက်ရန်ဖြစ်ပွား၊ နှစ်ဦးသား၊ မုတ်သားပျက်စီးရာ။
ဝိဝါဒပွား၊ တိုင်းပြည်များ၊ မုတ်သားပျက်စီးရာ။
မာနထောင်လွှား၊ ထိုသူများ၊ ပျက်ပြားတတ်သည်ရာ။
စိတ်မာန်မချ၊ စစ်ဆင်ကြ၊ နှစ်ဝပျက်စီးရာ။
နိုင်သူလည်းရှုံး၊ ရှုံးကရှုံး၊ ပျက်ပြုန်းနှစ်ဦးသာ။





လောဘ၊ ဒေါသ၊ မီးတောက်က၊ ဒုက္ခများသည်သာ။
ဒေါသကိုသိမ်း၊ မီးငြိမ်း၊ ကိန်းသေချမ်းသာရာ။

(ရွှေဟင်္သာဆရာတော်ကြီး)

ဝဝဝ

အမျိုးကောင်းသားတို့ ကျင့်ရာသော ဝတ္တရားကို သိင်္ဂါလ အမည်ရှိသော သူဌေးသားအား ဘုရားမိန့်တော်မူသည်ကား။

၁။ ပွဲလမ်းသဘင် စိတ်ထင်ပျော်ပါး ကစားမြူးတူးခြင်း။
၂။ လောင်းကစား ကြွေအန်ကြိမ်ဖန် နေ့ညလုံ့လထုတ်ခြင်း။
၃။ ယစ်ဝသောက်စား၊ ယွင်းပါးပျက်ချော်၊ မလျော်သော အမှုကို ပြုခြင်း။
၄။ ထကြွမရှိ၊ ပျင်းရိသွမ်းသော၊ ပေါ့လျော့နေတတ်ခြင်း။
၅။ အချိန်မထောက်၊ စိတ်ရောက်လိုလွှန်း၊ မြူးကွန့်မပြတ် လည်ပတ်သွားလာခြင်း။
၆။ အသွေခင်ပွန်းယုတ်နှင့် မပြတ်တိုင်ပင်၊ ကျွမ်းဝင်ပေါင်းဖက်ခြင်း။

ဤခြောက်ပါးသည် မျက်မှောက် သံသရာနှစ်ဖြာစလုံး၊ ဆုံးရှုံးပျက်စီး၊ ပြုန်းတီးအံ့သော အကြောင်းဖြစ်၏။

(ရွှေတောင်၊ ကျီးသဲလေးထပ်ဆရာတော်ကြီး)

ဝဝဝ



www.burmeseclassic.com

www.burmeseclassic.com



## သတိကပ် အသိကပ် ဝိပဿနာ

အားမှ လုပ်မယ်၊ အားမှ လုပ်မယ်ဆိုပြီး၊ အားရက်စောင့်မယ်ဆိုလို့ရှိရင် (ခေါင်းထဲဝင်တဲ့နေ့ပဲ)။ ဒီလိုဖြင့် အားရက်ကို မစောင့်နဲ့တော့။ ဒီကနေ့သည် ကိုယ့်အတွက်၊ မနက်ဖြန်သည် ကိုယ့်အတွက် မဟုတ်ဘူးလေ။ အနာဂတ်ဆိုတာ မသေချာဘူး။ မတော်ကွေးသောလက်မဆန့်ခင် ဆန့်သောလက် မကွေးခင် ဆိုသလို ညသေသွား ဘယ့်နှယ့်လုပ်မလဲ? ကိုယ်ကျိုးမနည်းဘူးလား?

ကိုယ့်အတွက် အရေးကြီးဆိုတော့ ဒီလောက် တိုက်တွန်းနေရတာက သက်တမ်းတွေ တိုလွန်းလို့။

(အရှင်သဒ္ဓမ္မကိတ္တိ)

ခန္ဓာဉာဏ်ရောက်၊ ဝိပဿနာမြင်ကွင်းမှ

၀၀၀





ကိုယ်မှာ အမြဲထင်ရှားရှိတဲ့ ရုပ်နာမ်တရားတွေထဲမှာ လူတိုင်းနားလည် လွယ်ကူတာဟာ (အာနာပါန) ဝင်လေထွက်လေ ရှုမှတ်ရှုဖြစ်တယ်။

(ဝေဘူဆရာတော်ကြီး)

၀၀၀

ဝိပဿနာတရား အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် မိမိတို့နှင့် မသင့်လျော်သော ပုဂ္ဂိုလ်တို့နှင့် အတူတကွ မနေထိုင်ကြပေ။ မိမိတို့နှင့် သင့်လျော်သော ပုဂ္ဂိုလ်တို့နှင့်သာ အတူတကွ နေထိုင်ကြရပေသည်။

သို့မှသာ စိတ်ချမ်းသာကြပေသည်။ စိတ်ချမ်းသာမှ သမာဓိဖြစ်ကြပေသည်။ သမာဓိဖြစ်မှ ဝိပဿနာဉာဏ်များ ဖြစ်၍ ဉာဏ်ထက်၊ တရားတက်နိုင်ကြပေသည်။

(သဒ္ဓမ္မရံသီရိပ်သာဆရာတော်)

၀၀၀



www.burmeseclassic.com

www.burmeseclassic.com



- အရှိကို အသိကိုက်အောင်လုပ်တာ ဝိပဿနာ။
- ရှေ့စိတ်ကို နောက်စိတ်နဲ့ ရှုတာ ဝိပဿနာ။
- အသေကို အရှင်နဲ့ကြည့်တာ ဝိပဿနာ။
- ရှေ့အသေကို နောက်အသေနဲ့ရှုတာ ဝိပဿနာ။
- အပျက်နဲ့ မဂ်ကိုက်အောင်ရှုတာ ဝိပဿနာ။
- ခန္ဓာရဲ့ ပင်ကိုယ်သဘောကိုမြင်အောင် စောင့်ကြည့်တာ ဝိပဿနာ။
- ရှေ့နာမ်ကို နောက်ဉာဏ်နဲ့ ရှုတာ ဝိပဿနာ။
- ကိုယ့်စိတ်ဖြစ်တာ၊ ကိုယ်အကဲခတ်နိုင်မှ ဝိပဿနာဖြစ်မယ်။
- သူများစိတ် အကဲမခတ်နဲ့၊ မှားသော်ရှိ၊ မှန်သော်ရှိ။
- ကိုယ့်စိတ်ကို အကဲခတ်မှ အမှန်ရမယ်။
- ကိုယ့်စိတ်ဖြစ်တာ ကိုယ်မသိတာ အရုပ်အဆိုးဆုံး။
- အရှိနဲ့အသိကိုက်ရင် ဝိပဿနာဖြစ်ပြီ။

(မိုးကုတ်ဆရာတော်ဘုရားကြီး)



- သိမ်မွေ့သော၊ ထွက်သက်လေ၊ ဝင်သက်လေဖြစ်လျှင်၊ ကြမ်းတမ်းသော၊ ထွက်သက်လေ၊ ဝင်သက်လေ မဖြစ်အောင် အထူးအားထုတ်၍ မပေးရ။ စင်စစ်မူကား ကြမ်းတမ်းသော၊ ထွက်သက်လေ၊ ဝင်သက်လေဖြစ်လျှင်သာ အထူးသဖြင့် တဖြည်းဖြည်း သိမ်မွေ့၍ သွားအောင်သာ၊ အားထုတ်၍ ပေးရမည်ဟုသာ မှတ်ရမည်။

(ညောင်လွန်တောရဆရာတော်ကြီး)

ဝဝဝ

ဝိပဿနာတရား အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် -

- မဂ်ဖိုတရားတို့ကို တကယ်လိုချင်၍ အဓိပတိ တပ်သော ဆန္ဒ။
- မပြတ်မလပ် ကြိုးစား၍ အားထုတ်သည့် အဓိပတိတပ်သော ဝီရိယ။
- တရားရှုမှတ်၍ မကောင်းသောအခါ၌လည်းကောင်း စိတ်ဓာတ်မကျမူ၍ အဓိပတိတပ်သောစိတ်။
- ဝိပဿနာဉာဏ် အဆင့်ဆင့် ပြည့်လာသည်အထိ အဓိပတိ တပ်သော (ဝီမံသ)ဟူသော အဓိပတိတရား ၄-ပါးတို့ဖြင့် အားထုတ်ကြရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ အစိပတိတပ်၍ ဝိပဿနာတရား၊ အားထုတ်ကြသော ဖုဂ္ဂိုလ်တို့အား မိမိတို့၏ ပါရမီအားလျော်စွာ မဂ်တရား၊ ဖိုလ်တရားတို့ကို ရရှိသွားနိုင်ကြမည် ဖြစ်ပေသည်။

(သဒ္ဓမ္မရံသီရိပ်သာဆရာတော်)

၀၀၀

❀ ထိတာကရုပ်၊ သိတာကနာမ်ဆိုတော့ ဒကာကြီး၊ ဒကာမကြီးတို့ သူများ မေးမနေနဲ့။ ကိုယ့်နာဝကို ဉာဏ်နဲ့စောင့်ကြည့်၊ ဝင်တော့ထိ ဝင်မယ်။ ထွက်တော့လည်း ထိထွက်မယ်။ ထိတာကို သိနေလျှင် လောဘ၊ ဒေါသ၊ မောဟ ဖြစ်ခွင့်မရလို့။ လောဘမီး၊ ဒေါသမီး၊ မောဟမီး ငြိမ်းတယ်။ ငြိမ်းတော့ အေးတယ်။ မထိခင်ကလည်း သိလို့မဖြစ်ဘူး။ ထိပြီးပြန်တော့လည်း သိလို့ မဖြစ်ဘူး။ ထိတုန်းကိုသာ သိဖြစ်တယ်။ အဲတာကို ပစ္စုပ္ပန်တည့်တည့်လို့ ဆိုတယ်။

(သေဘူဆရာတော်ကြီး)



❀ ဒီခန္ဓာ အပြစ်မြင်အောင် ကြည့်တတ်ဖို့ ကြည့်ကြဖို့လိုတယ်။ ကြည့်တတ်အောင် ဝိပဿနာပွားရမယ်။ ဝိပဿနာပွားရင် ခန္ဓာ အပြစ်မြင်တယ်။ မြင်ရင်မလိုချင်၊ မုန်းဉာဏ်ဝင်၊ အမုန်းများတော့၊ ခန္ဓာဆုံး၊ နိဗ္ဗာန်ရတာပဲ။ သဘောပေါက်ကြပြီလား။

(မိုးကုတ်ဆရာတော်ဘုရားကြီး)

၀၀၀

❀ မြင်တိုင်း မြင်တိုင်းလည်း ဒီဥပါဒါနက္ခန္ဓာငါးပါး ထင်ရှားနေတယ်။ ထို့အတူ ကြားတိုင်း၊ နံတိုင်း၊ စားသိတိုင်း၊ ထိသိတိုင်း၊ ကြံသိတိုင်းလည်း ဒီဥပါဒါနက္ခန္ဓာငါးပါး ထင်ရှားနေတယ်။ ဘယ်လိုလဲဆိုရင် မြင်တဲ့အခါမှာ ကြည်လင်တဲ့မျက်စိလည်း ထင်ရှားတယ်။ မြင်ရတဲ့ အဆင်းလည်း ထင်ရှားတယ်။ မြင်သိတာလည်း ထင်ရှားတယ်။ အဲဒီ မြင်သိမှုထဲမှာ...

မြင်လို့ကောင်းတာ၊ မကောင်းတာလည်း ပါဝင်တယ်။ မြင်ရတဲ့ အာရုံမှတ်သားတာလည်း ပါဝင်တယ်။ မြင်သိမှုကိစ္စပြီးအောင် ကြောင့်ကြစိုက်တာ နှလုံးသွင်းတာလည်း ပါဝင်တယ်။ မြင်သိရုံမျှ သဘောလည်း ပါဝင်တယ်။

ဝိပဿနာ မရှုနိုင်တဲ့သူတွေမှာ ရှုသော်လည်း အဖြစ်အပျက်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို မသိသေးတဲ့သူတွေမှာ အဲဒီ မြင်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားတဲ့ မျက်စိအဆင်း စသည်တို့ကို ငါ၊ ငါ့ဥစ္စာ စသည် အနေဖြင့် စွဲလမ်းတယ်။

စွဲလမ်းပုံကတော့ မျက်စိကြည်လင်တာ ငါပဲ။ ငါ့မျက်စိပဲ အမြဲတည်ရှိနေတယ် စသည်ဖြင့် မျက်စိရုပ်ကို စွဲလမ်းတယ်။ ကိုယ်လက် စသည်ကို မြင်တဲ့အခါ ငါ့ကိုယ်ကို ငါမြင်တယ်။ ငါ့လက်ပဲ၊ အမြဲတည်ရှိနေတယ် စသည်ဖြင့် စွဲလမ်းတယ်။

သူတစ်ပါးကို မြင်တဲ့အခါမှာလည်း အသက်ရှင်နေတဲ့ ပုဂ္ဂိုလ် သတ္တဝါအနေ၊ အမြဲတည်ရှိနေတဲ့အနေ စသည်ဖြင့် စွဲလမ်းတယ်။ အဲဒီလို စွဲလမ်းနိုင်တဲ့အတွက် မျက်စိရုပ်နှင့် အဆင်းရုပ်ကို ရုပ် ဥပါဒါနက္ခန္ဓာ ခေါ်တယ်။

(မဟာစည်ဆရာတော်ကြီး)

○○○

❀ ဖြစ်ပြီးအတိတ်၊ ဖြစ်ဆဲပစ္စုပ္ပန်၊ ဖြစ်လတ္တံ့ အနာဂတ် ကာလ (၃)ပါး တစ်လောကလုံးမှာ ရှိရှိသမျှ ရုပ်နာမ်တွေလည်းပဲ နည်းတူ ပင် မမြဲတာတွေချည်းပဲ၊ ဆင်းရဲတာတွေချည်ပဲ၊ မကောင်းတာတွေ ချည်းပဲ။ အစိုးမရ ငါကောင်မဟုတ်တာတွေချည်းပဲလို့ သဘောကျ ပြီး ဆင်ခြင်ဆုံးဖြတ်မိတာတ်တယ်။ ဒီဆင်ခြင် ဆုံးဖြတ်သုံးသပ်မှု အနုမာန သမ္မသနဉာဏ်တဲ့။ အနုမာနက ပစ္စက္ခရုပ်နာမ်နှင့် နှိုင်းဆ



မြော်မြင်တာ သမ္မသနကမ်မြဲ၊ ဆင်းရဲ အစိုးမရလို့ သုံးသပ်တာ။ ဉာဏက သိတာပဲ။ ဒီဉာဏ်အမြင် ရင့်သန်လာရင်တော့ အဖြစ် အပျက်ကို သိတဲ့ ဥဒယဗ္ဗယဉာဏ်ကို ရောက်တယ်။

(အရှင်ဇနကာ)

မဟာစွေကထိကဝေဟုနေယီတာရေ

○○○

❀ မွှားရုံက တွေးမှ ပေါ်တယ်။ တွေးမှပေါ်လို့ မွှားရုံ ခေါ်တာ။ တွေးပြီးမှ သိတဲ့စိတ်ကို မနောဝိညာဉ်စိတ်လို့ ခေါ်ရတယ်။ ဒီ မနောဝိညာဉ် ပေါ်လာရင်လည်း ဖြစ်ပျက်ရှုပေး။ မရှုရင် တွေးသိ သာယာ စွဲလမ်း ဆက်တိုက်လာမယ်။

တွေးသိဖြစ်ပျက်လို့ ရှုလိုက်ရင် နောက်က သာယာတာ၊ စွဲလမ်းတာ မလာနိုင်တော့ဘူး။

တွေးသိစိတ်ကလေးက တွေးပြီးပြီးချင်း ပျက်သွားတယ်။ နဂိုတုန်းက ရှိပေမယ့် တွေးပြီး အကဲခတ်ကြည့်လိုက်တော့ မရှိ တော့ဘူး။ ဖြစ်ပြီး ပျက်သွားတာကို သိရတော့တယ်။ အဲသည်လို သိရင် ရှေ့က တွေးသိဖြစ်ပျက်၊ နောက်က မဂ်,လာတာပဲ။

(ကျေးရွာရှင်မိုးကုတ်ဆရာတော်ကြီး)

○○○





www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားတဲ့တရားဆိုတာ တစ်ခြားမှာ သွားပြီး ရှာရတာမျိုး မဟုတ်။ ရှောင်မရ၊ တိမ်းမရ၊ မမြင်ချင်လို့ မနေရအောင် ကိုယ်မှာ အမြဲထင်ရှား ရှိနေတဲ့ ရုပ်နာမ်တရားတွေပဲ ဖြစ်တယ်။

(ဇေတဝန်ဆရာတော်ကြီး)

၀၀၀

ပညတ်,ပရမတ်၊ တွဲသည်မှတ်၊ သူမြတ်မဆိုသာ။
ပညတ်,ပရမတ်၊ ကွဲသည်မှတ်၊ သူမြတ်မဆိုသာ။
ပညတ်,ပရမတ်၊ နှစ်ခုစပ်၊ သိတတ်သူမှ၊ မြတ်သည်သာ။

ထိုတွင် တွဲသည်၊ ကွဲသည် မှတ် ဟူသော စကားသည် သညာသိ၊ ပြောကြားသိ ဖြစ်သောကြောင့် သူမြတ် မဖြစ်နိုင်။ သူမြတ် မဟုတ်ဟု ဆိုလိုသည်။

နှစ်ခုစပ်ဟူသည်ကား ပရမတ်သည် အမှန်ရှိသောတရား၊ ပညတ်သည် ဘာမျှမရှိ။ သမုတ်ကာမျှသာဖြစ်၍ အမှန်ရှိသော ပရမတ်နှင့် တွဲစရာ မရှိသောကြောင့် မတွဲ။

ခန္ဓာ၊ အာယတနဓာတ်စသည် ပရမတ်ဖြစ်ပေါ်လာလျှင် တစ်ပါးသောသူ သိရလေအောင် သမုတ်ရုံ ဆက်စပ်နေသောကြောင့် ရှိပညတ်နှင့် ပရမတ်ဟာ မကွဲ။



ထိုကဲ့သို့ မတွဲပုံကိုလည်းကောင်း၊ မကွဲပုံကိုလည်းကောင်း၊ ဆက်စပ်ပုံကိုလည်းကောင်း၊ ကိုယ်တိုင်ဒိဋ္ဌ ဝိပဿနာဉာဏ်ဖြင့် သိမြင်မှသာလျှင် သူမြတ်ဖြစ်သည်ဟု ဆိုလိုရင်း ဖြစ်သည်။

(ရွှေလှိုင်ဆရာတော်ကြီးဦးကဝိ)

၀၀၀

ငါ့ကိုယ်ငါ့သား၊ ငါမယား၊ ထင်ရှားလှလေပြီ။ ထင်မှား တတ်စွာ၊ သက္ကာယ၊ မိစ္ဆာကင်းသင့်ပြီ။

ငါ့ခန္ဓာ၊ ရုပ်နာမ်မှာ၊ မှန်စွာမှတ်သင့်ပြီ။ သမ္မာသန့်၊ ဉာဏ်အစ၊ ထင်လှသင့်ကြပြီ။

(ထွန့်ခေါင်ဆရာတော်)

သံဝေဂဆုံးမစာ

၀၀၀

ဝိပဿနာ အားထုတ်တယ်ဆိုတာ ငါဘာလဲလို့ သိအောင် လုပ်တာပဲ။ ကိုယ့်ကိုယ်ကို သုတေသနပြုတာပဲ။

(ရွှေတောင်ကုန်းဆရာတော်)

၀၀၀

www.burmeseclassic.com

www.burmeseclassic.com



စကြံ့နည်းနဲ့ အားထုတ်ရမှာက ထိလိုက်ရင်သိ၊ ထိလိုက်ရင်သိ၊ ထိလိုက်ရင် သိဆိုတာက လွဲလို့၊ ဘာမှ မသိဘဲနဲ့ ထိတာ တစ်ခုတည်း သိတဲ့နေရာရောက်အောင် ပုဂ္ဂိုလ်၊ သတ္တဝါက ကြိုးစားပါ။

ထိတာကလွဲလို့ ဘာမှ မသိတော့ဘူး။ ခြေထောက် မရှိတော့ဘူး။ ကြမ်းပြင်လည်း မရှိတော့ဘူး။ မျက်စိရှိလျက်နဲ့ မမြင်တော့ဘူး။ နားရှိလျက်လည်း မကြားတော့ဘူး။ စိတ်ရှိလျက်နဲ့လည်း မတွေးတော့ဘူး။ ခုနက အသိအားလုံး ချုပ်ပြီး ထိ, သိ တစ်ခုတည်း ကျန်တော့တယ်ဆိုရင် အလုပ်နယ်ဆုံးပြီ။ အလုပ်နယ် ဟာ ဒီမှာ ဆုံးတယ်။

ဟိုဘက်မှာ အဖြစ်နယ်ပဲ ရှိတော့တယ်။ ဖြစ်စဉ်ဆိုရင် ဟိုဘက်မှာ ဉာဏ်ပေါ်ပြီး ဉာဏ်က စဉ်သွားလိမ့်မယ်။ ပုဂ္ဂိုလ်က မစဉ်နဲ့တော့။ စိတ်ကလည်း မစဉ်နဲ့တော့။ ကိုယ်ကတော့ အဲဒီ ရောက်အောင်တော့လုပ်။ ဟုတ်လား။ သူ့နာမည်ကိုက ဉာဏ်စဉ် လို့ ဆိုလိုတာပဲ။ ဉာဏ်က စဉ်ပါလိမ့်မယ်။ ဉာဏ်ထဲသွားပြီး ကိုယ်က ရှုပ်မနေပါနဲ့တော့။ သူ့ဟာသူ စဉ်လိမ့်မယ်။ ကိုယ်က စိတ်ကူးပြီး စဉ်တော့ စိတ်စဉ်ပဲ ဖြစ်မယ်။ ပုဂ္ဂိုလ်က စဉ်ရင် ပုဂ္ဂိုလ်စဉ်ပဲ ဖြစ်မယ်။

(မြောင်းမြမြို့၊ ဟောမာဝန်ဆရာတော်ကြီး)

ဝိပဿနာလုပ်ထုံးတရားတော်မှ

ဝဝဝ





ဝိပဿနာအားမထုတ်ဘဲ နေ့ရွှေ၊ ညရွှေ ရွှေနေတာသည် တကျောက ဆင်ခြေပေးနေတာပဲ။

ရက်ရာဇာ၊ ပြဿဒါး မရွေးနဲ့။ သူတော်ကောင်းအလုပ် လုပ်တဲ့အချိန်သည် မင်္ဂလာရှိသော နေ့ရက်ဆိုတာမှတ်။

အလကားနေသရွေ့, အအားနေသရွေ့ အမှားနေခြင်းလို့မှတ်။

အသက်တမ်း ခပ်တိုတိုတမ်းမှာ ခပ်မိုခိုလုပ်နေရင် အသေက စောသွားရင် ကိုယ်ကျိုးနည်းလိမ့်မယ်။

ခန္ဓာက သုသန်ထိ ပြေးနေတာ။ အသေက ဦး၍ ဉာဏ် နောက်ကျရင် ခက်လိမ့်မယ်။

အသက်ကြီးလေ ကံမွဲ ဉာဏ်မွဲလေမှတ်။ ကံမွဲတာက အရေး မကြီး၊ ဉာဏ်မွဲရင် နိဗ္ဗာန်မရောက်နိုင်။

အိုရာမှ နာရာမရောက်ခင် ဝိပဿနာလုပ်ပါ။

(မိုးကုတ်ဆရာတော်ဘုရားကြီး)



www.burmeseclassic.com

www.burmeseclassic.com



မြင်တိုင်း မြင်တိုင်း မြင်တယ်လို့ ချက်ချင်းလိုက်ပြီး ရှုမှတ်ရတာဟာ ခန္ဓာငါးပါး ရုပ်နာမ်တွေကို အမှန်အတိုင်းသိပြီး မြင်ရုံမျှတွင် တည်အောင် ငါ၊ ငါ့ဥစ္စာ၊ မြဲတယ်၊ ချမ်းသာတယ်၊ ကောင်းတယ် စသဖြင့် မစွဲလမ်းရအောင် ရှုမှတ်နေရတာပဲ။

အဲဒီ ရည်ရွယ်ချက်ကို နားလည်အောင် ဆောင်ပုဒ်တွေ လိုက်ဆိုကြမယ်။

၁။ ဝိပဿနာဉာဏ်ဆိုတာ ဘယ်ဟာရှု၍ ဖြစ်သနည်း။

၂။ စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ ဖြစ်သတည်း။

၃။ ဘယ်အကျိုးငှာ၊ ထိုခန္ဓာ၊ ဘယ်ခါရှုအပ်ပါသနည်း။

၄။ မစွဲဖို့ရာ၊ ဖြစ်ဆဲမှာ၊ မှန်စွာရှုအပ်ပါသနည်း။

၅။ ဖြစ်ခိုက်မရှု၊ ရုပ်နာမ်စု၊ စွဲမှုဝင်ရောက်သည်။
မြင်တယ်၊ ကောင်းတယ်၊ ငါကောင်နှယ် တကယ်ထင်တတ်သည်။

၆။ ဖြစ်တိုင်းမှတ်ရှု၊ ရုပ်နာမ်စု၊ စွဲမှုကင်းပျောက်သည်။
မမြဲဆင်းရဲ၊ သဘောပဲ၊ ဉာဏ်ထဲ ရှင်းတော့သည်။

အဲဒီ ဆောင်ပုဒ်တွေထဲမှာ အမှတ် (၅)ဆောင်ပုဒ်၌ "ဖြစ်ခိုက်မရှု" ဆိုတာ မြင်မှုဖြစ်ခိုက်၊ ကြားမှုဖြစ်ခိုက် စသည်မှာ မရှုလိုက်လို့ ရှိရင်လို့၊ ဆိုလိုတာပါပဲ။ အမှတ် (၆)ဆောင်ပုဒ်၌ ဖြစ်တိုင်းမှတ်ရှု ဆိုတာ မြင်မှုဖြစ်တိုင်း၊ ကြားမှုဖြစ်တိုင်း စသည်မှာ မှတ်ရှုပြီး သိလို့၊ ရှိရင်လို့ ဆိုလိုတာပါပဲ။

(မဟာစည်ဆရာတော်ကြီး)

○○○



စရဏ (အကျင့်)နဲ့ ဝိဇ္ဇာ (အသိ) တစ်ပြိုင်နက်ဖြစ်အောင် လုပ်ရတယ်။ တစ်ချိန်တည်းမှာ အလုပ်နှစ်ခုပြီးတာ ဒါပဲ ရှိတယ်။ (အလုပ်လုပ်ရင်း ရအောင်ရှုပါ)

(ဓေဘူဆရာတော်ကြီး)

○○○

ဝိပဿနာတရား ပွားများ အားထုတ်ကြသည့် အချို့သော ယောဂီပုဂ္ဂိုလ်တို့သည် ပညတ်ဖြစ်ပျက်၊ မှန်းဆ ဖြစ်ပျက်များကို ရှုနေတတ်ကြပေသည်။ ဝင်လေထွက်လေကို ရှုမှတ်ရာ၌ ဝင်လေကဖြစ်၊ ထွက်လေကပျက်ဟု မှန်းဆ၍ ရှုမှတ်နေတတ်ကြပေသည်။ ယင်းကဲ့သို့ ရှုမှတ်ခြင်းမျိုးတို့သည် ပညတ်ဖြစ်ပျက်၊ မှန်းဆဖြစ်ပျက်များသာ ဖြစ်ကြပေသည်။

(သဒ္ဓမ္မရံသီရိပ်သာဆရာတော်)

www.burmeseclassic.com

www.burmeseclassic.com



❀ "တို့ကတော့ လူသစ်ပဲ။ တရားမှ အားမထုတ်ဖူးသေးတာ" လို့ ပျော့ညံ့သော စိတ်ဓာတ် မမွေးနှင့်။ လူဟောင်းမှာလည်း လက်နှစ်ဖက်၊ မျက်စိနှစ်လုံး၊ ခြေထောက်နှစ်ချောင်း၊ ပါးစပ်တစ်ပေါက်၊ ငါ့မှာလည်း လက်နှစ်ဖက်၊ မျက်စိနှစ်လုံး၊ ခြေထောက်နှစ်ချောင်း၊ ပါးစပ်တစ်ပေါက် အတူတူပဲ။ သူကျက်တဲ့စာကို ငါ ကျက်နိုင်ရမယ်။ သူရတဲ့စာကို ငါ ရနိုင်ရမယ်။ သူတောင် တရား ထိုင်နိုင်ရင် ငါလည်း ထိုင်နိုင်ရမယ်။ အစစအရာရာ လူဟောင်းထက် မသာရင်တောင် တန်းတူဖြစ်စေရမယ်လို့ ဖွဲလုံ့လ ဝီရိယကို တင်းတင်းရင်းရင်းထားပေါ့။

(အရှင်အဂ္ဂဉာဏချမ်းမြေ့)

ooo

❀ ကျွန်ုပ်သည် ဝိပဿနာတရားကို အားထုတ်ခဲ့ရာ ကမ္ဘာကြီး တစ်ခုလုံ စိုးပိုင်သော မင်းစကြာဖြစ်ရခြင်းထက်ပင် သာလွန်သော ပျော်ရွှင်ကျေနပ်မှုကို ရခဲ့ပါတယ်။

(အရှင်သံဃဓောဓိ)

ကမ္ဘာ့ဒီးယားရဟန်းတော်၊ ပြည်နယ်ဘုရင်ခံဟောင်း

ooo



❀ အိုရာ၊ နာရာ မရောက်ခင် ဝိပဿနာလုပ်။
- ကံကောင်းရင် ၃-ဘုံကို ရောက်မယ်။
- ဉာဏ်ကောင်းမှ နိဗ္ဗာန်ရောက်မယ်။
- ဉာဏ်မပါရင် ကံချယ်လှယ်သွားမယ်။
- ကံကို ဉာဏ်က ဖြတ်မှ နိဗ္ဗာန်ရောက်မယ်။
- နိဗ္ဗာန်သည် ကံ၏အကျိုး မဟုတ်၊ ဉာဏ်၏ အကျိုး။
- ဒုက္ခသစ္စာကို ပိုင်းခြားသိချင်ရင်လည်း မဂ္ဂင် အလုပ်ကို လုပ်။
- သမုဒယသစ္စာကို ပယ်ချင်ရင် မဂ္ဂင်အလုပ်ကိုလုပ်။
- နိရောဓသစ္စာကို မျက်မှောက်ပြုချင်ရင်လည်း မဂ္ဂင် အလုပ်ကို လုပ်။
- သစ္စာမသိဘဲ အနှစ်တစ်ရာ အသက်ရှည်သော်လည်း အလကားပဲ။
- သစ္စာသိပြီး တစ်ရက်မျှ အသက်ရှည်သော်ငြားလည်း ပိုပြီး မြတ်လှပါတယ်။
- ပဋိစ္စသမုပ္ပါဒ်ဆိုတာ စာထဲမှာ ရှိတာမဟုတ်။ ခန္ဓာကိုယ်မှာ ရှိတဲ့ တရားပါ။
- မိမိခန္ဓာကိုယ်မှာ ရှိတဲ့ ပဋိစ္စသမုပ္ပါဒ်တို့ကို မိမိဉာဏ်နဲ့ ရှင်အောင်လုပ်။
- စာပဋိစ္စသမုပ္ပါဒ် သိတာသည် သညာသိ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



- ခန္ဓာပဋိစ္စသမုပ္ပါဒ် သိတာကမှ ပညာသိဖြစ်၍ နိဗ္ဗာန်ရောက်မယ်။
- သညာသိနှင့် နိဗ္ဗာန်မရောက်၊ ပညာသိနဲ့မှ နိဗ္ဗာန်ရောက်မယ်။
- သစ္စာသိပြီးလှူရင် ခန္ဓာကိုယ် ရောင်းလှူပါ။
- သစ္စာ မသိသေးရင် မလှူပါနှင့်ဦး။
- ဒါနတရားက သံသရာရှည်အောင် လုပ်တာမဟုတ်။
- ဒါနနောက်က အသိဉာဏ်မလိုက်လို့ သံသရာရှည်ရတာ။
- အရှိနှင့်အသိ ကိုက်အောင် လုပ်တာ ဝိပဿနာ။

**(မိုးကုတ်ဆရာတော်ဘုရားကြီး၏ ယောစဉ်တရားတော်များမှ သြဝါဒများ၊ ဘာသာသွေးစုမ်၊ နိဝင်ဘာ)**

ဝဝဝ

⊛ ဝိပဿနာတရားဆိုတာ ထင်ရှားတဲ့ တရားကို မြင်အောင် ရှုမှတ်ခြင်းပင် ဖြစ်တယ်။ ထင်ရှားရှိတဲ့ တရားကို မြင်အောင် မရှုနိုင်ရင် ဝိပဿနာ မဖြစ်ဘူး။

(သေဘူဆရာတော်ကြီး)

ဝဝဝ

မိတ်သွေးဟပေ



ဝိပဿနာအစ ဝင်လေ, ထွက်လေက။

(အရှင်နာဂသေနာဘိဝံသ)

ချမ်းအေးဆရာတော်၊ ငါးဘွဲ့ရဓမ္မာစရိယ

*သြဝါဒတရားများ စွဲနိုင်မှတ်နိုင်ကျင့်သုံး ချမ်းသာနိုင်ကြပါစေ။*

သုတေသီ ဘုန်းမြင့်သွေး



www.burmeseclassic.com